# ရေးလာတဲ့ပေးစာ



သို့/

**သျှမ်းသံတော်ဆင့် အယ်ဒီတာ ခင်ဗျား**

နအဖစစ်တပ်လက်ရှိအတွင်းရေးမှူး ၁ သီဟသူရတင်အောင်မြင့်ဦးရဲ့ နောက်ကြောင်းဖြစ်ရပ်မှန် နဲနဲရှင်းပြချင်တယ်။

သူဟာ သီဟသူရဘွဲ့နဲ့ လုံးဝမထိုက်တန်တဲ့ လူတစ်ယောက်ပါ။ ကျနော် ဘယ်လိုလုပ် ဒီအကြောင်းကောင်းကောင်း သိသလဲဆိုရင် ဗိုလ်တင်အောင်မြင့်ဦး ဒီဘွဲ့လက်ခံစဉ်က ကျနော့်အရင်းနှီးဆုံး သူငယ်ချင်းရဲ့ ဦးလေးတစ်ယောက်က ဗိုလ်တင်အောင်မြင့်ဦးရဲ့ တပည့်ဖြစ်နေလို့ပါဘဲ။ သီဟသူရတင်အောင်မြင့်ဦး ဖြစ်လာရပုံကို သူငယ်ချင်းရဲ့ ဦးလေးက ဒီလိုပြောပြတယ်။

၁၉၈၀ ဝန်းကျင်တုန်းက(မူဆယ်–ပန်ဆိုင်းတဝိုက်)တောင်ကုန်းအမှတ် ၆၀၄၁ မှာဗိုလ်တင်အောင်မြင့်ဦး ဦးဆောင်တဲ့ မဆလ တပ်စခန်းကို ဗကပဝင်စီးတယ်။ ဗကပဘက်ကအင်အားများတော့ မဆလတွေ တပ်ဆုတ်ရတယ်။ နံနက်မိုးမလင်းခင် ဗိုလ်တင်အောင်မြင့်ဦးတို့ တပ်ဆုတ်ချိန်မှာ စခန်းမှာ ဆရာခင်မောင်ဆိုတဲ့ တပ်ကြပ်တစ်ယောက်ထဲ စခန်းကနေ ဗကပကိုခံပစ်တယ်။

ဗိုလ်တင်အောင်မြင့်ဦးတို့ အားလုံး လွတ်သွားတဲ့အချိန်မှာ တပ်ကြပ်ခင်မောင်ကို ဗကပတွေ ဖမ်းမိတယ်။ မြေပေါ် မှာ ခေါင်းဘဲဖော်ထားပြီး သူ့တကိုယ်လုံးကို အရှင်လတ်လတ်မြေမြှုပ်ပစ်တယ်။ မသေမချင်း သူ့ဦးခေါင်းထဲကို ကျည်ဆံ ရိုက်သွင်းတယ်။

ဦးခေါင်းမှာကျည်ဆံအပြည့်နဲ့ မရှုမလှသေနေတဲ့ တပ်ကြပ်ခင်မောင်ကို တိုက်ပွဲအပြီး မဆလကစခန်းပြန်သိမ်းနိုင်တဲ့ အခါမှာပြန်တွေ့တယ်။

အဲဒီတိုက်ပွဲအပြီးမှာ ဗိုလ်တင်အောင်မြင့်ဦး တစ်ယောက် သီဟသူရဘွဲ့ ရသွားတယ်။ ကိုယ်တိုင်ဖြစ်စဉ်ကြုံတွေ့ရတဲ့ စစ်သားတွေအားလုံး အံ့အားသင့်သွားတယ်။

ဗိုလ်တင်အောင်မြင့်ဦး ကြောပေါက်ကြီး သီဟသူရဘွဲ့နဲ့ လုံးဝမထိုက်တန်ဘူးဆိုတာ ဘာမှမသိတဲ့ တပ်သားတွေတောင်သိနေလို့ သူ့ကိုမကျေနပ်ကြဘူးတဲ့။ဒါပေမဲ့သူကအထက်ကို ကပ်ဖားတတ်တယ်၊ ထိ ကရုံးလိုဘဲ စိတ်ဆတ်တယ်၊ စိတ်တိုလွယ်တယ်၊ ခက်ထန်ရိုင်းစိုင်းတယ်တဲ့။

ဘာအရည်အချင်းမှမရှိတဲ့ ကြောက်ပေါတစ်ယောက် တိုက်ပွဲပြီးတာနဲ့ သီဟသူရဘွဲ့ ချက်ချင်းရသွားတဲ့ပုံကိုကြည့်ရင် အခုလိုအကောင်ကြီးကြီး အမြီးရှည်ရှည်လယ်ဗယ်ထဲက အတွင်းရေးမှူး ၁ အဆင့်ဖြစ်လာတယ်ဆိုတော့ သူဘယ်ပုံ ဘယ်နည်းနဲ့ တက်လာတယ်ဆိုတာ မပြောလဲဘဲ ခန့်မှန်းကြည့်နိုင်မယ်ထင်ပါတယ်။

ရာထူးဌာနန္တရ ဆွတ်ခူးတဲ့ ကြောက်ပေါနဲ့ သူ့ဆရာ နလဘိန်းတုံးတို့ ကျမ္မာချမ်းသာကြပါစေ။

**သူများအားနည်းချက်ကို ပြောချင်တတ်တဲ့–**
**အညာမြေက ကိုလျှာရှည်**






## လူ့အခွင့်အရေး

# အပျို တခုလပ်မချန် မိုင်းပြင်း နအဖ စစ်သား အဓမ္မပြုကျင့်

နိုဝင်ဘာ ၁၉ ရက်က သျှမ်းပြည်အရှေ့ပိုင်း မိုင်းပြင်းအခြေစိုက် ခမရ ၃၆၀ မှတပ်ကြပ်မြင့်သိန်းနှင့် နောက်လိုက်နှစ်ယောက်သည် လယ်ယာကွင်းပြင်တဝိုက် နေ့လည်ပိုင်း ဟင်းသီးဟင်းရွက်ထွက်ရှာစဉ် အိမ်ဆိုင်အတွက် မြို့တက်စျေးဝယ်ပြန်လာသူ နန်းခမ်းတန်း အသက် ၁၇ နှစ် (အမည်ရင်းမဟုတ်) နှင့်လမ်း၌ဆုံရာ သူမအား မြို့တောင်ဘက် ၂ မိုင်ခန့်အကွာ မိန်ဂို လယ်တောသို့ ဆွဲခေါ်ပြီး ဟောင့်ဟဲန့် (လယ်ရေသွင်းမြောင်းခြောက်) အတွင်းအဓမ္မပြုကျင့်ခဲ့ကြ၏။ ထိုစဉ် နွားလှည်းဖြင့် ကောက်ရိုးသွားတင်လာသူ မိုင်းပြင်းတောင်ရပ်ကွက်နေ စိုင်းဝန်း (အမည်ရင်းမဟုတ်) ကတွေ့ရှိသဖြင့် စစ်သားများ လန့်၍ထွက်ပြေးခဲ့ကြသည်။

ဦးတ–ဒေါ်ကမ် (အမည်ရင်းမဟုတ်) တို့၏သမီး နန်းခမ်းတန်းသည် မိုင်းပြင်းမြို့တောင်ဘက် ၂ မိုင်ခန့်အကွာ ယန်းမိုင်အုပ်စု နားခေါ်ရွာသူဖြစ်သည်။

*“ကျေးလက်အမျိုးသမီးငယ်တွေကို နမချင်းမစာနာ ၊ သမီးချင်းမစာနာ နအဖစစ်သားတွေ မုဒိမ်းကျင့်လေ့ရှိတာကို ကြောက်လို့ နန်းခမ်းတန်းခမြာ နေ့လယ်ခင်းမှရွေးပြီး စျေးဝယ်ထွက်တာတောင် မလွတ်ဘူးဗျာ။ သူ့မိဘတွေ စစ်တပ်ဆီသွားတိုင်ပေးဖို့ ရွာသူကြီးကို အကူအညီတောင်းတာလဲ တာဝန်မယူရဲဘူး၊ ဗမာစစ်သားတွေ ရန်ရှာမှာကြောက်လို့ ဆိုပြီး ဒီကိစ္စကအချည်းအနှီးဖြစ်သွားတယ်”* ဟု လောင့်ကော့ရပ်ကွက်သားတစ်ဦးက ပြောပြသည်။

ထို ၁၉ ရက်နေ့ ၌ပင် ညနေ ၂း ၃၀ (မိုင်းပြင်း–မက်မန်းကြားကားလမ်းဘေးရှိ) ဝမ့်ဖစ်ရွာသို့ စစ်ကြောင်းလှည့်ရာမှ ပြန်လာသော မိုင်းပြင်းမြောက်ဘက် ၈/၉ မိုင်အကွာ ခမယ ၅၂၈ တပ်ခွဲ၏ တာဂေါ့ (နမ့်ခါ) စခန်းထိုင်အင်အား ၂၀ ခန့်ရှိ စစ်ကြောင်းတစ်ကြောင်းသည် စပါးသွားရိတ်လာသူ အသက် ၁၉ နှစ်အရွယ် တစ်ခုလပ် နန်းအိမ် (အမည်ရင်းမဟုတ်)နှင့်ဆုံသည်နှင့် သူမအားနောင်ခိုက်ရွာ တောင်ဘက်တစ်မိုင်ခွဲအကွာ နမ့်လီချောင်းသို့ဖမ်းဆီးသွားကာ နာရီဝက်ကျော်ကြာ အုပ်စုလိုက်အဓမ္မပြုကျင့်ကြသည်။

*“နန်းအိမ်က သူ့ယောကျာ်းနဲ့ ၃ လလောက်ဘဲပေါင်းပြီး ကွာရှင်းကြတာ မကြာသေးဘူး။ သူ့မှာကလေးလဲ မရှိသေးဘူး။ မိုင်းပြင်းဘက်က ရပ်ကွက်၊ရွာသူကြီးတွေ နအဖစစ်သားကိုကြောက်တာအလေ့တခုလိုဖြစ်နေပြီ။ ဒီလို မုဒိမ်းကျင့်ခံရတဲ့ ကိစ္စတွေမှာ ဘယ်သူမှတာဝန်ယူ မတိုင်ကြားပေးရကြဘူး။ အဓမ္မပြုကျင့်ခံရတဲ့ ကျေးလက်ရွာသူတွေ ကံဆိုးတယ်လို့ဘဲပြောရမယ်”* ဟု ဝမ့်နောင်ရွာမှ ရွာသားတစ်ဦးက ပြောသည်။

နန်းအိမ်သည် မိုင်းပြင်းတောင်ဘက် နောင်ခိုက်ရွာ၊ ဝမ့်ဖစ်အုပ်စုတွင်နေထိုင်သည်။ထိုနေ့တွင် နားထွမ်ရွာသို့ သူမစပါးသွားရိတ်ရာ ညနေပိုင်း အိမ်မှုကိစ္စလုပ်ရန်ရှိသဖြင့် သူငယ်ချင်းများကို မစောင့်တော့ဘဲ တစ်ယောက်ထဲပြန်လာရာ လမ်း၌ နအဖစစ်သားများနှင့်တိုးပြီး အဓမ္မပြုကျင့်ခံရခြင်းဖြစ်သည်။

မိုင်းပြင်းမှ နအဖတပ်သားများသည် ယခုနှစ်အတွင်း ဒေသခံအမျိုးသမီးငယ်များအား မကြာခဏအဓမ္မပြုကျင့်လေ့ရှိပြီး အမြဲတမ်းခြိမ်းခြောက်ပြောဆိုကာ တစ်ခါမျှအရေးယူပေးမှုမရှိပေ။

❏

# မိုင်းပြင်း ဒေသခံများ စစ်တပ်အတွက် ရာသီသီးနှံစိုက်ပေးနေရ

နိုဝင်ဘာလဆန်းပိုင်း စပါးရိတ်သိမ်းပြီးကာလမှစ၍ ယခုအချိန်အထိ သျှမ်းပြည်အရှေ့ပိုင်း မိုင်းပြင်းအခြေစိုက်ခလရ ၄၃ နှင့်ခမရ ၅၂၈ သည် မိုင်းပြင်းမြို့နယ် ဟောင့်ကန်အုပ်စု ရွာ ၉ ရွာအား ဂျပန်နှမ်းနှင့် တရုပ်မျိုးစေ့စပါးများ၊ မြေပဲများစိုက်ပျိုးခိုင်းသည်ဟု ကျိုင်းတုံသတင်းရပ်ကွက်က ဆိုပါသည်။

မိုင်းပြင်းမြို့နယ် ဟောင့်ကန်အုပ်စုမြောက်ဘက် ယန်းပိန်းရွာမှ ဝမ့်နောင်ရွာအထိ ကားလမ်းဘေးတလျှောက် ဒေသခံများ၏လယ်ကွက်များတွင် ဂျပန်နှမ်းစိုက်ခိုင်းသည်ဟု ဆိုပါသည်။

*“နှမ်းမျိုးစေ့တစ်ပြည် ၂,၅၀၀ ကျပ်နဲ့ စစ်တပ်မှာသွားဝယ်ခိုင်းတယ်။ အကယ်၍ နှမ်းထွက်လာပြီဆိုရင် တခွဲ ၇,၀၀၀ ကျပ်နဲ့ စစ်တပ်က ပြန်ဝယ်မယ်လို့ ပြောထားတယ်”* ဟု ဟွေ့စိန်းရွာသားတစ်ဦးက ပြောပြ၏။

ဂျပန်နှမ်းစိုက်ပျိုးရေးစီမံကိန်းအတွက် တစ်ရွာလျှင် လယ်ထွန်စက် ၂ စီးဆင့်ဆိုပြီး ဆီဖိုးအိတ်စိုက်ဖြင့် လယ်ထွန်ရသည်ဟုဆို၏။ လယ်ထွန်စက်မရှိသည့်ရွာများ စက်ငှားရပြီး ဒီဇယ်ဆီဖိုး တစ်အိမ်လျှင် ကျပ် ၄,၀၀၀ ကုန်ကျသည်။

# ရမခ တိုင်းလှုပ်ရှားဗျူဟာ နယ်မြေရှင်းလင်းရေး ဒေသခံလူထုအားသတ်ဖြတ်

သျှမ်းပြည်မြောက်ပိုင်း အလယ်ပိုင်းသို့ **SSA-S** ဒုဗိုလ်မှူးကြီး ပေါင်ခေးဦးဆောင်သော အထူးစစ်ကြောင်း၏ နယ်မြေစည်းရုံးရေး လှုပ်ရှားမှုသည် ဒေသတွင်းသောင်းကျန်းသူအမာခံများ၏ အထောက် အပံ့ရယူသည်ဟုဆိုကာ ရမခ လက်အောက်ခံ တိုင်းလှုပ်ရှားဗျူဟာက နိုဝင်ဘာလဆန်းပိုင်းမှစ၍ ကျေးလက်လူထုအတွင်း သောင်းကျန်းသူ အမာခံဖော်ထုတ်ရေး၊ နယ်မြေရှင်းလင်းရေး အမည်ခံနှိပ်ကွပ်မှုများ ကြောင့် လူ့အခွင့်အရေးကျူးလွန်မှု ပိုလုပ်လာသည်ဟု သျှမ်းပြည် မြောက်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

လားရှိုး ရမခ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၏ ညွှန်ကြား ချက်အရ နမ့်လန်စခန်းထိုင် ရမခတိုင်းလှုပ်ရှားဗျူဟာမှူး ဒုဗိုလ်မှူးကြီး ကြည်မြင့်သည် *(လားရှိုး ခလရ ၄၁ ရှေ့တန်းမှူး ဗိုလ်မှူးကျော်ဇင်ထွန်း ဦးဆောင်နှင့်ဟိုပန် ခမရ ၁၄၃ ရှေ့တန်းမှူး ဗိုလ်မှူးအောင်မျိုး ဦးဆောင်)* တပ်ရင်း ၂ ရင်းအား သီပေါမြို့နယ် ဝမ့်ဇင်းအုပ်စု (၃၄ ရွာ) သို့ စစ်ကြောင်း ၃–၄ ကြောင်းခွဲပြီး နယ်မြေရှင်းလင်းရေး သောင်းကျန်းသူ အမာခံဖော်ထုတ်ရေးဟုဆိုကာ ကျေးရွာတိုက်နယ်များအတွင်း တင်း ကြပ် စစ်ဆေးမှုများပြုလုပ်လာခဲ့သည်။

ယခုအချိန်အထိ ၂ လနီးပါး ကာလအတွင်း ဝမ့်ဇင်းအုပ်စုသို့ ဒေသခံ ရွာသား ၃–၄ ယောက် အကြောင်းမဲ့ အသတ်ခံခဲ့ရပြီး၊ ထိုအထဲ တွင် ဝမ့်ကုန်းကော် လွယ်လုံရွာမှ ဆွံ့အ, နားမကြား ရွာသားတစ်ဦး လည်းပါသည်ဟု ဒေသခံတစ်ဦးကဆိုပါသည်။

*"သူက နားလေးလို့ စစ်သားတွေရဲ့ခေါ်သံမကြားရတော့ သူ လှည့်မကြည့်ဘူး။ စစ်သားတွေက ဒီကောင်သျှမ်း သူပုန်သတင်းပေးဖြစ် လို့ လှည့်မကြည့်ရဲတာဆိုပြီး ပစ်သတ်လိုက်တာ။ အချောင်သေသွား တာပေါ့ "* ဟု ၄င်းက ပြောပြသည်။

အဆိုပါနယ်မြေရှင်းလင်းရေး စစ်ကြောင်းများသည် ယခုလ ၁၇ ရက်နေ့က ဝမ့်တောင်ကြီး ရွာသား စိုင်းဖုန်းကျော်နှင့် စိုင်းလုံတို့ ၂ ယောက်အား ထပ်မံဖမ်းဆီးထားရာ ယနေ့ထိ ပြန်မလွတ်လာသေး ကြောင်း ၄င်းတို့၏ဆွေမျိုးများက ပြောသည်ဟု ဆို၏။

*"ကျနော်တို့ တိုက်နယ်ထဲ တခါတလေ သျှမ်းစစ်သား ၃–၄ ယောက် အများဆုံး ၅–၆ ယောက်ဖြတ်သွားတတ်တယ်။ အဲဒါကို ဥက္ကဌ သို့မဟုတ် သူပုန်အမာခံတွေက အထောက်အပံ့ပေးလို့ သျှမ်း စစ်သားတွေ လှုပ်ရှားနိုင်တာဆိုပြီး ဗမာစစ်သားတွေ နှိပ်ကွပ်လာ တယ်။ ကျနော်တို့ပြည်သူတွေ ကျွဲနှစ်ကောင်ကြားက လယ်ကန်သင်း ဖြစ်ရတာပေါ့"* ဟု ၄င်းကဆက်ပြောပြသည်။

နအဖစစ်ကြောင်းနှင့်အတူအပစ်ရပ် **SSA-N** တပ်မဟာ ၃ မှ အင်အား ၃၀ –၄၀ ခန့်လည်း တိုင်းလှုပ်ရှားဗျူဟာနှင့်အတူ လိုက်ပါ စစ်ကြောင်းလှည့် ရသည်ဟုဆို၏။

နအဖစစ်ကြောင်းနှင့်အတူလိုက်ရသော မြောက်ပိုင်း အပစ်ရပ် သျှမ်းအဖွဲ့မှ ဗိုလ်ကြီးတစ်ယောက်က– *"ပြည်သူလူထုကို ကာကွယ်ဖို့ ကျနော်တို့လိုက်ပါလာရတာပါ။ လမ်းမှာဒေသခံတွေအပေါ် ဗမာစစ် သားတွေ မတော်မတရားလုပ်တာ ကျနော်တို့တားလို့ မရပေမဲ့ ကျနော် တို့လိုက်ပါလို့ ရွာသားတွေကို သူတို့ စိတ်လိုလက်ရမသတ်ရဲဘူးပေါ့။ ကျနော်တို့သာမလိုက်ရင် ဒီထက်ပိုပြီးအသတ်ခံရဖို့ များနိုင်တယ်"* ဟုပြောပြကြောင်း ၄င်းကပြန်လည်ဖောက်သည်ချသည်။

တိုင်းလှုပ်ရှားဗျူဟာ၏ သောင်းကျန်းသူများ အမာခံဖော်ထုတ် ရေး၊ နယ်မြေရှင်းလင်းရေးနှိပ်ကွပ်မှုသည် ဒေသခံလူထုအား ဒုက္ခပေး သည့် လူထုအပေါ် ထိုးစစ်ဖြစ်ပြီး၊ အပြစ်မဲ့ ရွာသားများအား သတ်ဖြတ် ဖမ်းဆီးနေခြင်းမှာ *"ကြွက်မနိုင် ကျီမီးရှို့သည့်"* သူ့ရဲဘောကြောင် လုပ်ရပ်သာဖြစ်ကြောင်း နိုင်ငံရေး လေ့လာသူတစ်ဦးက သုံးသပ်ပြောဆို ပါသည်။ ❑

*"ဟောင့်ကန်အုပ်စုကနေ နမ့်ခါချောင်းသွားလမ်း ကားလမ်း ဘေးတစ်လျှောက် လယ်ကွက်ပိုင်ရှင် ၄၀–၅၀ ဦးရှိတယ်။ လယ်ကွက် အားလုံး ဂျပန်နှမ်းမစိုက်မနေရစနစ် အမိန့်ထုတ်ထားတယ်။ မစိုက်ရင် ထောင်ဒဏ်/ငွေဒဏ်ချခံရမယ်လို့ အမိန့်ထုတ်ထားတယ်"* ဟု အဆိုပါ ဟွေ့စိန်းရွာသားက ပြောပြသည်။

ထို့ပြင် ဟောင့်ကန်အုပ်စု ဝမ့်မတ်နှင့် လောန်စိုင်းကြား နားမူ နောက် အမည်ရှိ လုံးဆု၊ လုံးပူး၊ လုံးပန်းဆိုင်းတို့၏ လယ်မြေ သုံးနေရာ တွင်လည်းကောင်း၊ လောန်စိုင်းရွာမြောက်ဘက် လုံးဆုမွန်း၊ လုံးလွယ်ဆင်မ်၊ လုံးနမ်းဝုန်းနှင့်လုံးလွယ်မောင်းတို့၏ လယ်မြေများတွင် လည်းကောင်း တရုတ်ပြည်မှလာသော မျိုးစေ့စပါးများမစိုက်မနေရ စိုက်ပျိုးခိုင်းပြီး စပါးထွက်လာပါက စစ်တပ်သို့ အပ်နှံရမည်ဟုဆို၏။ ယခုအချိန်တွင် စပါးပင်များ ပျိုးနှုတ်ရမည့်အရွယ်သို့ ရောက်နေပြီဟုဆို ပါသည်။

အလားတူ ဝမ့်ယန်းပိန်းရွာ၊ ယန်းခယ်ရွာနှင့် ဝမ့်မောန်ရွာရှိ လယ်မြေများတွင် စစ်တပ်အတွက်မြေပဲ စိုက်ခိုင်းပြီး ဝမ့်မတ်ရွာ အနောက်ဘက် နားဆိုင်းလျဲန်လယ်ကွက်များတွင် ကြက်ဆူပင် စိုက်ပျိုး ခိုင်းရာ ဟောင့်ကန်အုပ်စုနေ ကျေးလက်ဒေသခံများမှာ မိသားစုဝင်ငွေ အတွက် အလုပ်လုပ်ချိန်မရှိဘဲ စစ်တပ်အတွက် တစ်နှစ်ပတ်လုံး မနား မနေလုပ်အားပေးနေရသည်ဟု နယ်စပ်ရောက်ဒေသခံက ပြောပြ သည်။ ❑

# နှစ်ရှည်ထောင်ကျ ရှမ်းခေါင်းဆောင်များ ကျန်းမာရေးဆိုးရွားနေ

ရှမ်းအမျိုးသားအခွင့်အရေးတောင်းဆိုမှု၊ အမျိုးသားညီလာခံကိုဆန့်ကျင်မှုတို့ကြောင့် ထောင်ဒဏ်နှစ် ၁၀၀ ကျော်အထိ ပြစ်ဒဏ်ကျခံနေရတဲ့ ရှမ်းခေါင်းဆောင် ၈ ဦးအနက် ပခုက္ကူထောင်ရှိ စိုင်းညီညီမိုးရဲ့ ကျန်းမာရေးအခြေအနေအဆိုးဆုံး ဖြစ်နေတယ်လို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်ကပြောပါတယ်။

အသက် (၄၀) ဝန်းကျင်သာရှိသေးတဲ့ မျိုးဆက်သစ်ရှမ်းပြည်အဖွဲ့မှ ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ စိုင်းညီညီမိုးဟာ SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦးတို့နဲ့အတူ ၂၀၀၃ ခု ဖေဖော်ဝါရီ (၉) ရက်မှာ ဖမ်းဆီးခံခဲ့ရပါတယ်။ လိပ်ခေါင်းရောဂါရှိနေပြီး အကျဉ်းထောင်အတွင်း ဆေးကုခွင့်မရတဲ့အတွက် အခြေအနေဆိုးသွားတာလို့ ၁၉၉၀ ရွေးကောက်ပွဲ ဒုတိယအမတ်နေရာအများဆုံးရခဲ့တဲ့ ရှမ်းအဖွဲ့ချုပ်က စိုင်းလိတ်က ပြော ပါတယ်။

*"အခုထောင်ထဲလည်းရောက်ရော အစားအသောက် အဆင်မပြေတာနဲ့ရော၊ ဆေးဝါးအဆင်မပြေတာနဲ့ရော လိပ်ခေါင်းကနေ သွေးဝမ်းသွားနေတယ်။ အဲဒီသွေးဝမ်းသွားနေတဲ့ကိစ္စက တော်တော်လေး ဆိုးနေလို့ မိသားစုကလည်း စိုးရိမ်နေကြတယ်။"*


ဝဲမှယာ– ဗိုလ်ချုပ်ဆေထဲန်၊ ခွန်ထွန်းဦး၊ စိုင်းညွှန့်လွင်

ကျန်းမာရေးအခြေအနေဆိုးနေတဲ့ စိုင်းညီညီမိုးဟာ အိုင်စီအာစီ နိုင်ငံတကာကြက်ခြေနီအဖွဲ့ရဲ့ အကူ အညီ အမြန်ဆုံးလိုအပ်နေတယ်လို့လည်း စိုင်းလိတ်က ပြောပါတယ်။

*"ထောင်ထဲက ဆေးမှူးတွေ၊ ဆရာဝန်တွေရဲ့ ဆေးဝါးကုသမှုလိုအပ်သလိုICRC ကအကူအညီလည်းလိုအပ်နေတယ်။ အဲဒါကြောင့်မို့လို့ **ICRC** အနေနဲ့ အမြန်ဆုံးဝင်ရောက်တွေ့ဆုံပြီးတော့ အကူအညီတွေပေးနိုင်ဖို့ ကျနော်တို့မျှော်လင့်နေပါတယ်။"*

အသက်အရွယ်ကြီးပြီဖြစ်တဲ့ ဗိုလ်ချုပ်ဆေထဲန်နဲ့အဆစ်အမြစ်ရောင်ရောဂါရှိတဲ့ ခွန်ထွန်းဦးတို့ဟာ ရာသီဥတုဆိုးဝါးတဲ့ထောင်တွေဆီ အပို့ခံထားရတာကြောင့် ကျန်းမာရေးအခြေအနေ သိပ်မကောင်းဘူးလို့ စိုင်းလိတ်က ပြောပါတယ်။

*"ပူတာအိုမှာ ဒီနိုဝင်ဘာကနေ ဖေဖော်ဝါရီအထိ တော်တော်အေးတယ်။ ဦးခွန်ထွန်းဦးက နဂိုကဂေါက်ရောဂါရှိတော့ နေရထိုင်ရတာ ဘယ်လိုမှအဆင်မပြေဘူး ၊ မနက်မနက်ကျရင် လမ်းလေးဘာလေး ထလျှောက်တာလည်း အချိန်အကန့်အသတ်နဲ့ဆိုတော့ သူ့ကျန်းမာရေးအတွက် တော်တော်ကိုစိုးရိမ်ရတဲ့ အနေအထားမှာရှိပါတယ်။ အသက်ကလည်းကြီးပြီလေ။"*

နအဖ စစ်အစိုးရက ၂၀၀၃ ပြည်ထောင်စုနေ့မတိုင်မီမှာဖမ်းဆီးပြီး ထောင်ဒဏ် (၇၅) နှစ်ကနေ (၁၀၆) နှစ်အထိ ချမှတ်ခံထားသူတွေထဲမှာ ပူတာအိုထောင်ရှိ ခွန်ထွန်းဦး၊ ခန္တီးထောင်ရှိ ဗိုလ်ချုပ်ဆေထင်၊ ကလေးထောင်ရှိ စိုင်းညွှန့်လွင်၊ ကျောက်ဖြူထောင်ရှိ စိုင်းလှအောင်၊ ဘူးသီးတောင် ထောင်ရှိ စိုင်းထွန်းညို၊ မြင်းခြံထောင်ရှိ စိုင်းမျိုးဝင်းထွန်းနဲ့ ပခုက္ကူထောင်ရှိ စိုင်းညီမိုးတို့ဖြစ်ပါတယ်။ ရှမ်းခေါင်းဆောင်တဦးဖြစ်တဲ့ ဆရာဦးမြင့်သန်းကတော့ သံတွဲထောင်မှာကျခံနေရတုန်း ၂၀၀၆ မေလမှာ ကျန်းမာရေးဆိုးလာလို့ သေဆုံးသွားရပါတယ်။

**DVB** ထက်အောင်ကျော် ၁၀၊ ၁၂၊ ၀၇

# ပြည်သူလူထု စစ်အာဏာရှင် ဆန့်ကျင်မှု မုချအောင်ပွဲ ကောန် မလဲ

ထိုင်းရတ် (၃၀၊ ၉၊ ၀၇)

ဒီတကြိမ် ဗမာပြည်ရဟန်းရှင်လူ ကျောင်းသားပြည်သူများရဲ့ စုဝေးဆန္ဒပြမှုဟာ တတိုင်းပြည်လုံးလွတ်လပ်မှုလိုချင်ကြတယ်၊ ဒီမိုကရေစီလိုချင်ကြတယ်ဆိုတာ အုပ်စိုးသူစစ်အာဏာရှင်ကို နောက်ဆုံးသတိပေးလိုက်တာဖြစ်တယ်။ အဲဒါကို ကမ္ဘာ့လူ့အဖွဲ့အစည်းကလည်း စာနာသနားထောက်ခံအားပေးတယ်။

ဗမာပြည်သူတွေရဲ့ ဒီမိုကရေစီရရှိရေး၊ ပြည်သူ့ဘဝလွတ်မြောက်ရေးအရေးတော်ပုံမှာ သံဃာနဲ့ကျောင်းသားတွေအသက်စတေး သွေးမြေကျတဲ့အထိ စစ်အာဏာရှင်တို့ အင်အားသုံး အကြမ်းဖက်နှိပ်ကွပ်ပေမဲ့ ပြည်သူတွေရဲ့ဒီမိုကရေစီတော်လှန်ရေးတိုက်ပွဲဟာ အပြီးတိုင်ဖြိုခွဲခံရတာမဟုတ်ဘူး။ အောင်ပွဲရတဲ့အဆင့်အထိ တဆင့်ပြီးတဆင့် ဆက်လက်ရှင်သန်ဆင့်ပွါးဦးမယ်ဆိုတာ ချွင်းချက်မရှိယုံကြည်တယ်။

အကြောင်းကတော့ ဒီမိုကရေစီတော်လှန်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ရတဲ့ အခြားဒီမိုကရေစီနိုင်ငံတွေနဲ့ အလားတူဖြစ်လို့ပါဘဲ။ တိုင်းပြည်တစ်ခုနဲ့ တစ်ခု ကာလဒေသအခြေအနေချင်း၊ ဖြစ်စဉ်ပုံပန်းသဏ္ဍာန်ချင်း၊ မတူညီကြပေမဲ့ လူထုနှလုံးသားခံစားချက်ချင်း၊ ဦးတည်ချက်ချင်း၊ အနှစ်သာရချင်း၊ ကြွန်အင်လက္ခဏာချင်းက တူညီကြလို့ပါဘဲ။ ❑

စစ်ရေး

# နအဖ စစ်တပ် နှင့် လားဟူပြည်သူ့စစ် နယ်လှည့်စစ်ကြောင်း ဝ တပ်ဖွဲ့ နှင့် တိုက်ပွဲဖြစ်

ဒီဇင်ဘာ ၃ ရက်က နအဖစစ်တပ်နှင့် လားဟူပြည်သူ့စစ်ပူးပေါင်းစစ်ကြောင်းတစ်ကြောင်းသည် ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့တစ်ဖွဲ့နှင့် သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်မြို့အနီး၌ ထိပ်တိုက်ရင်ဆိုင်ရာ နာရီဝက်ခန့် ပစ်ခတ်မှုများဖြစ်ပွါးခဲ့ကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

မိုင်းပြင်းအခြေစိုက် နအဖစစ်တပ် ခမရ ၃၆၀ နောင်ချိုတပ်စခန်းမှအင်အား ၃၀ ခန့်သည် မိုင်းဆတ်မြို့နယ် ပန်ဟိုင်းလားဟူ ပြည်သူ့စစ် ၁၀ ယောက်နှင့်အတူ ပန်ဟိုင်းရွာ အရှေ့ဘက်တောင်ခြေ အနီးနမ့်ကုတ်ချောင်းအရှေ့ဘက်ကမ်းတလျှောက် တောလမ်းအတိုင်း စစ်ကြောင်းလှည့်ပတ်ရာ မိုင်းဆတ် မှ ၄ ကီလိုခန့်အကွာ၌ ဝတပ်ဖွဲ့တစ်ဖွဲ့နှင့် ထိပ်တိုက်တွေ့သဖြင့် မိနစ် ၂၀ ခန့် ပစ်ခတ်ခဲ့ကြ သည်ဟု နယ်စပ်ရောက် မိုင်းဆတ်ကား သမားတစ်ဦးက ပြောပြသည်။

ပန်ဟိုင်းရွာသားတစ်ဦးကလည်း *"အဲဒီ UWSA ဝတပ်ဖွဲ့က ဝေ့ရှော်ကန်းဦးစီးတဲ့ စစ်ဒေသ ၇၇၁ ဌာနချုပ် ဝမ့်ဟုန့်ဘက်ကို တောလမ်းကနေ ဆင်းသွားမဲ့ တပ်ဖွဲ့လို့ပြောတယ်။ မိုင်းပြင်းဘက်က ဆင်းလာတာ ဘယ်သူဦးဆောင်လာလဲ၊ ဘယ်အဖွဲ့လဲတော့မသိဘူး။ အင်အား ၅၀–၆၀ လောက် တောလမ်းကလာတယ်၊ ရိက္ခာတွေ ပစ္စည်းတွေ တင်လာတယ်၊ ယာဘတွေလဲ ပါတယ်လို့ကြားတယ်"* ဟုဆို ပါသည်။

ကားသမားကဆက်၍ *"ကျနော်တို့လာတုန်းက ပစ်ခတ်သံတော့ စဲသွားပြီ။ ဘယ်ဘက်က တပ်ဆုတ်တယ်၊ အသေအပျောက်ဘယ်လောက်ရှိတယ်တော့ မကြားရသေးဘူး"* ဟု ဆိုပါသည်။

အဆိုပါ ခမရ ၃၆၀ မှာ ပန်ဟိုင်း လားဟူ ပြည်သူ့စစ်အားလမ်းပြအဖြစ် အမြဲခေါ် ဆောင်သွားပြီး ထိုဒေသရှိကျေးရွာများသို့ ဝင်ရောက်လှည့်လည်ကာ အမြဲလိုလိုအိမ်မွေးကြက်၊ ဝက်၊ တိရစ္ဆာန်များကို လုယက်စားသောက်လေ့ရှိသည်ဟု ဆိုပါသည်။ နအဖ စစ်တပ်နှင့် ထိပ်တိုက်တွေ့သော ဝတပ်ဖွဲ့သည် မည်သူဦးဆောင်သည့် မည်သည့်စစ်ကြောင်းမှန်း အသေအချာမသိရဟု ဆိုပါသည်။

❑ ❑ ❑

# ရလလဖ မှ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့သို့ အမည်ပြောင်း



**ကန္တာရဝတီတိုင်းမ် အောက်တိုဘာ ၁၈ ရက်**

မကြာသေးခင်က ပြန်လည်တောခိုလာခဲ့သည့် အပစ်ရပ်ရလလဖသည် အောက်တိုဘာ ၁၈ ရက်က KNPP ကရင်နီတပ်မတော်ဌာနချုပ် တပ်စခန်းတနေရာ၌တွင် အခမ်းအနားတရပ်ကျင်းပပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့အမည်သို့ ပြောင်းလဲလိုက်ကြောင်း ဗိုလ်မှူးကြီးခွန်သူရိန်မှ ပြောကြားသည်။

ရလလဖ သည် သျှမ်းပြည်တပြည်လုံး ကိုယ်စားပြုထားသည့်အမည်ဖြစ်သည့်အတွက်၄င်းတို့အနေနှင့် သျှမ်းပြည်အကျိုးပြည့်ပြည့်ဝဝ မထမ်းဆောင်နိုင်သောကြောင့် ပအိုဝ်းအမျိုးသားရေးတခုတည်းကိုသာ ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူးဗိုလ်မှူးကြီး ခွန်သူရိန်က အခုလိုပြောပါသည်။

*"အပစ်အခတ်ရပ်ထားတဲ့ ၁၃ နှစ်ကာလမှာ နအဖ တပ်လျှိုဖြိုခွဲမှုကြောင့် ကျနော်တို့အဖွဲ့အစည်း ပျောက်ကွယ်မဲ့အခြေအနေအထိရောက်လာခဲ့တယ်။ ပြည်သူလူထု ယုံကြည်မှုတွေ ကင်းမဲ့လာတယ်။ ရလလဖ နာမည်နဲ့သွားမယ်ဆိုရင် သျှမ်းပြည်တပြည်လုံး အတိုင်းအတာနဲ့ ကျနော်တို့လုပ်ရမှာ။ အခုဟာက ပအိုဝ်းနယ်မြေ ကျဉ်းကျဉ်းလေးတောင် အပြည့်အဝလုပ်မပေးနိုင်ဘူး။ နောက်ပြီး လူမျိုးတိုင်းလည်းကိုယ့်အဖွဲ့အစည်းနဲ့ကိုယ် ရှိနေခြင်းလည်းဖြစ်တယ်။ အခုလို နာမည်ပြောင်းလိုက်တာ SSA နဲ့လည်းဘာမှ ပြဿနာမရှိပါဘူး"*။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် ဗမာစစ်အစိုးရနှင့် ၁၃ နှစ်ကြာအပစ်အခတ်ရပ်စဲရေးယူထားသည့်အဖွဲ့တဖွဲ့ဖြစ်သည်။ အပစ်ရပ်နေစဉ်ကာလ၌ သဘောထားမသက်ဆိုင်သည့်အတွက် ပြီးခဲ့သည့် ဇွန် ၁၁ ရက်နေ့တွင်အင်အား ၁၀၀ ကျော်ဖြင့်ကရင်နီတပ်မတော်ထိန်းချုပ်ရာနယ်မြေသို့ ပြန်လည်တောခိုခဲ့သည်။ ❑

# မိုင်းပန် နအဖ စစ်ကြောင်းအား သျှမ်းပြည်တပ်မတော် ချုံခိုတိုက်ခိုက်

ဒီဇင်ဘာလ ၁ ရက် ကသျှမ်းပြည်တပ်မတော် **SSA** တောင်ပိုင်းတပ်မဟာ ၇၅၆ မှ ဗိုလ်မှူးခေးလောဝ်ဦးစီးသော တပ်ဖွဲ့တစ်ဖွဲ့သည် သျှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့နယ် နောင်လေပန်ပိအုပ်စုတကိုက် သွားရောက်မွှေနှောက်ရာမှ စခန်းသို့ပြန်မည့် မိုင်းပန် ခလရ ၂၉၅ စစ်ကြောင်းတစ်ကြောင်းအား နောင်လေပအိုဝ်းရွာတောင်ဘက်၌ ခြုံခိုတိုက်ခိုက်ခဲ့သည်ဟု နယ်စပ်ရောက်မိုင်းပန်မြို့သူတစ်ဦးကဆို၏။

စစ်အင်အား ၃၀ ခန့်ရှိ **SSA** ဘက်မှ အင်အား ၅၀ ရှိ အဆိုပါ (မိုင်းပန်မြို့အရှေ့ဖက် ၂ မိုင်အကွာ တာ့ဆန်းသံလွင်တံတား သွားလမ်းနှင့်ကပ်လျက်ရှိတပ်စခန်းထိုင်) အဆိုပါ စစ်ကြောင်းအားမိနစ် ၃၀ ခန့် ခြုံခိုစောင့်ပစ်သောနေရာမှာ နောင်လေတိုက်နယ် နောင်လေရွာတောင်ဘက် ၃ မိုင် ( မိုင်းပန်မြို့တောင်ဘက် မိုင်) ၂၀ ခန့် ဝေးသည့် ဝမ့်ပါခါးရွာပျက်အနီး၌ဖြစ်သည်။

*“သူတို့ပစ်ခတ်နေကြတုံး အဲဒီအနီး ဖြတ်သွားတဲ့ ကျွဲကုန်သည်တစ်ယောက်က ဗမာစစ်ကြောင်းကိုသျှမ်းတပ်က ချုံခိုစောင့်ပစ်တယ်လို့ ပြောတယ်။ နံနက်၄နာရီအချိန်လောက်မှာ စပစ်တာတဲ့။ ဗမာစစ်သား ၁၃ ယောက်သေတယ်တဲ့”*–ဟူ၍ အမည်မဖော်လိုသူ ၄င်းက ဆိုသည်။

ညနေပိုင်း ဝမ့်ထမ့်တပ်စခန်းသို့ရောက်သည်နှင့်အဆိုပါ နအဖ စစ်ကြောင်းက သျှမ်းသူပုန်များထံမှဘိန်းဖြူ ၇၀ ပိဿာဖမ်းဆီးရမိသည်ဟု လိမ်လည်တိုင်ကြားသည်ဟု ဆို၏။

ဖြစ်စဉ်မှာ နိုဝင်ဘာလကုန် ၃၀ ရက်နေ့က အင်အား ၅၀ ခန့်ရှိအဆိုပါခလရ ၂၉၅ စစ်ကြောင်းသည် မိုင်းပန်မြို့နယ်နောင်လေပန်ပိအုပ်စုဘက်စစ်ကြောင်းလှည့်လည်ရာ စိုင်းဘောဂ(အသက် ၄၀) နန်းဖုံတို့အိမ်မှ ဘိန်းစိမ်း ၇၀ ပိဿာ မွှေနှောက်သိမ်းယူသွား၏။ အလားတူအခြားစစ်သားများကလည်း ကျန်ရွာသားအိမ်များပေါ်တက် ဝင်ရောက်မွှေနှောက်ရာ ပိဿာ ၃၀ ခန့်ထပ်မံရရှိသဖြင့် အားလုံးဘိန်းစိမ်း ပိဿာ ၁၀၀ ကျော်ရသွားသည်ဟု ဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဒေသခံရွာသားတစ်ဦးကလည်း *“ဘိန်းဖမ်းသွားတယ်။ ပိုက်ဆံတော့မကောက်ဘူး။ ဟိုတုန်းကဆိုရင် ဒီလိုမဟုတ်ဘူး။ လူကိုပါဖမ်းသွားတတ်တယ်။ ဘိန်းဖမ်းမိတဲ့အိမ်ကိုငွေကျပ်သိန်းချီသန်းချီ ဒဏ်ထပ်ရိုက်တယ်”*– ဟုဆိုသည်။

တိုက်ပွဲမှသျှမ်းစစ်သားတစ်ယောက်ကလည်း *“ကျနော်တို့က ရွာသားတွေဆီက သူတို့ဘိန်းဖမ်းတဲ့ သတင်းလုံးဝမကြားရပါဘူး။ ဒီစစ်ကြောင်းကိုတိုက်ခိုက်ဆုံးမဖို့ ကျနော်တို့ဘက်က အစီအစဉ်ရှိထားတာဖြစ်တယ်။ သတင်းလဲကောင်းကောင်းရထားတယ်။ အဲဒါကြောင့်သူတို့ အငိုက်မိသွားတာ”* ဟုပြောပါသည်။

မိုင်းပန်မြို့နယ် နောင်လေတိုက်နယ်မှ ရွာသားတစ်ဦးက *“တိုက်ပွဲဖြစ်ပြီး တပ်ပြန်ရောက်တော့ သျှမ်းသူပုန်ဆီကဘိန်းဖမ်းမိတယ်ဆိုပြီး အထက်ကိုလိမ်လည်တင်တယ်တဲ့။ ၆၀ ပိဿာလောက်ဘဲ သူတို့အထက်ကိုအပ်တယ်။ ကျန်တာရွာသားတွေကိုတစ်ပိဿာကျပ် ၃၀,၀၀၀ နဲ့ ဈေးပေါပေါမြန်မြန် ပြန်ရောင်းစားကြတယ်တဲ့”* ဟုပြောပြသည်။

လက်ရှိ ထိုဒေသဘိန်း ဈေးမှာ ဘိန်းဟောင်းတစ်ပိဿာကျပ် ၈ သိန်း၊ ဘိန်းသစ်တစ်ပိဿာ ကျပ် ၇ သိန်းခွဲခန့်ရှိသည်ဟု ကြားသိရသည်။

❑

# နအဖ နှင့် မိုင်းလား အဖွဲ့ကြား တင်းမာမှု ဖြစ်ပွါး

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီမှ တဆင့်စကာ်ပူတွင်ထုတ်ပြန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ကြေငြာချက်အပေါ် ကန့်ကွက်လက်မှတ်ထိုးရန် နအဖယဉ်ကျေးမှုဝန်ကြီး၏ တိုက်တွန်းချက်အား **NDAA** အပစ်ရပ်မိုင်းလားအဖွဲ့က ငြင်းဆန်လိုက်သဖြင့် နှစ်ဦးနှစ်ဘက်ကြား တင်းမာမှုများဖြစ်ပွါးခဲ့ကြောင်း ကျိုင်းတုံသတင်းရပ်ကွက်ကဆိုပါသည်။

နအဖ ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့် သည် နိုဝင်ဘာလ ၁၄ ရက်နေ့က သျှမ်းပြည်မြောက်ပိုင်း အပစ်ရပ်အဖွဲ့များ ဖြစ်ကြသော သျှမ်းပြည်တပ်မတော်မြောက်ပိုင်း၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA**၊ **MNDA** ကိုးကန့်အဖွဲ့၊ ကချင်ကာကွယ်ရေးတပ်မတော် **KDA** တို့နှင့်တွေ့ဆုံကာ ကြိုတင်ရေးသားထားသော နအဖလမ်းပြမြေပုံထောက်ခံသည့် ကြေငြာချက်၊ ဒေါ်အောင်ဆန်းစု




မိုင်းလားအပစ်ရပ်ခေါင်းဆောင် ဦးစိုင်းလင်း

ကြည်ကြေငြာချက်အပေါ် ကန့်ကွက်သည့်ထုတ်ပြန်စာများ လက်မှတ်ရေးထိုးခိုင်းခဲ့သည်။

နိုဝင်ဘာလ ၁၄ ရက်နေ့ကလည်း **PNO** နှင့် **SSNPLO** ပအိုဝ်းအဖွဲ့နှစ်ဖွဲ့၏ ဒေါ်အောင်ဆန်းစုကြည် ကြေငြာချက်ကန့်ကွက်သည်သတင်းကို နအဖသတင်းစာမျက်နှာများ၌ အကျယ်တဝင့်ဖေါ် ပြခဲ့သည်။

နိုဝင်ဘာ ၁၉ ရက်နေ့ရောက်သည်နှင့် ဗိုလ်ချုပ် ခင်အောင်မြင့်သည် မိုင်းလားအပစ်ရပ်အဖွဲ့ထံသွား၍ ထုံးစံအတိုင်း၄င်းတို့၏ လမ်းပြမြေပုံထောက်ခံကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ချက်ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးခိုင်းခဲ့သော်လည်း မိုင်းလားအဖွဲ့က ငြင်းဆိုလိုက်သည်ဟု ကျိုင်းတုံရောက် မိုင်းလားအပစ်ရပ်အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

*"သူလဲ နိုင်ငံရေးပါတီတစ်ခုဘဲ။ ဒီမိုကရေစီစနစ်ဆီ ဦးတည်မယ်ဆိုရင် နိုင်ငံရေးပါတီရှိရမယ်။ ဒါကြောင့် ဒေါ် အောင်ဆန်းစုကြည်ကို ကျနော်တို့ မကန့်ကွက်နိုင်ဘူး။ လမ်းပြမြေပုံနဲ့ပတ်သက်တာတော့ ညောင်နှစ်ပင်ညီလာခံသွားတက်တုန်းက ကျနော်တို့ဘက်က ဖြစ်ချင်တာ တင်ပြပြီးပြီဘဲ။ နအဖဘက်က ဘာဆိုဘာမှ လိုက်လျောမပေးဘူး။ နအဖနဲ့ အပစ်အခတ်ရပ်စဲပြီးတဲ့အချိန်ကစပြီး အခုထက်ထိ ကျနော်တို့ဘက်က သေနတ်သံတစ်ချက်မှ မထွက်စေဘူး။ အဲလောက်ထိ ကျနော်တို့ကတိကဝတ်ထိန်းခဲ့တယ်။ ဒါတောင်မှ သူတို့အသင့်ရေးပြီးသား ကန့်ကွက်စာကို လက်မှတ်လာထိုးခိုင်းနေသေးတယ်"* ဟု ၄င်းက ပြောပြ၏။

ထိုနောက်ပိုင်း မိုင်းလားအဖွဲ့နှင့် နအဖတို့အကြား ဆက်ဆံမှုများ ခက်ထန်လာကာ တစ်ဘက်နှင့်တစ်ဘက် ပို၍စောင့်ကြည့် အကဲခတ် သတိချပ်နေကြကြောင်း မိုင်းလားအဖွဲ့ဝင်တစ်ဦးထံမှ ကြားသိရပါသည်။ ❑

# ရပ်စောက်၌ နအဖ စစ်တပ်အား SSA မှ ချုံခိုတိုက်ခိုက်

မိုင်းပန်အခြေစိုက် ခမရ ၅၇၇ သည်နိုဝင်ဘာ ၁၇ ရက်ကသျှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့နယ် မိုင်းယောင်းအုပ်စု ကျေးရွာများအတွင်း စစ်ကြောင်းလှည့်ဝင်ရောက်ပြီး ဒေသခံလူထုအပေါ် အဓမ္မလုပ်အားခိုင်း၊ ရိက္ခာကောက်၊ ဆက်ကြေးတောင်း၊ ရပ်ရွာလူကြီးများအား ညှင်းပမ်းနှိပ်စက်ကြစဉ် သျှမ်းပြည်တပ်မတော်တောင်ပိုင်း တပ်မဟာ ၇၅၉ မှ ဗိုလ်မှူးခမ်းလှိုင်း ဦးဆောင်သည့် တပ်ဖွဲ့တစ်ဖွဲ့က ချုံခိုတိုက်ခိုက်ခဲ့ရာနအဖ စစ်တပ်ဘက်က ဗိုလ်ကြီးအပါအဝင် ၁၀ ယောက်ခန့်ကျဆုံးဟုဆိုပါသည်။

*"ကျနော်တို့သတင်းရတာကတော့ နအဖဘက်က ဗိုလ်ကြီးတစ်ယောက်အပါအဝင် ၁၀ ယောက်လောက်သေတယ်။ ဒဏ်ရာရပြီး မိုင်းကိုင်ဆေးရုံမှာသေသွားတာ ၅ ယောက်ရှိတယ်။ ၂ ရစ် ၃ ရစ်တွေလဲပါတယ်။ မိုင်းကိုင်ကထွက်လာတဲ့ သတင်းမှာတော့ ၁၅ ယောက်တောင်သေတယ်လို့ ပြောတယ်။ သျှမ်းစစ်တပ်အရာရှိတစ်ယောက်ကတော့ ဗိုလ်ကြီး စည်သူဖိုးအပါအဝင် ၅ ယောက်ဘဲ ကျတယ်လို့ ပြောတယ်။ သျှမ်းစစ် တပ်ဘက်ကတော့ ဒဏ်ရာရသူတချို့ရှိတယ်။ အခု စစ်သား ၂ ယောက်ပျောက်နေတယ် လို့ပြောတယ်"* ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ရပ်စောက်မြို့နယ် မိုင်းယောင်းအုပ်စု ဖတ်ကုံ တောင်ဟျိုးရွာ မြောက်ဘက် တောထဲ၌ တိုက်ပွဲဖြစ်ပွါးခြင်း ဖြစ်ပြီး ညနေ ၃ နာရီမှ မိုးချုပ်သည်အထိ ပစ်ခတ်ခဲ့ကြသည်ဟု ဆိုပါသည်။

ခမရ ၅၇၇ စခန်းချရာ မိုင်းကိုင်မြို့နယ် ကန်နားရွာသူတစ်ဦးက *"သူတို့စခန်းချနေကျ ကျမတို့ရွာကနေထွက်သွားတာဖြစ်တယ်။ တိုက်ပွဲဖြစ်ပြီးတဲ့နောက်ပိုင်း ကျမတို့ရွာဘက်ကို တစ်ယောက်မှပြန်မလာတော့ဘူး"* ဟု ပြော၏။

ယခုအခါ မိုင်းကိုင်မြို့နယ် အတွင်းလှုပ်ရှားကြသည့် စကခ လက်အောက်ခံ မိုင်းပန်အခြေစိုက် ခမရ ၅၇၅၊ ၅၇၇၊ ၅၇၈ တို့သည် တိုက်ပွဲဖြစ်ပွါးပြီးနောက် မိုင်းပန်သို့တပ်ရုပ်ခဲ့ရပြီး မိုင်းနောင် ခလရ ၉ နှင့်လွယ်လင် ခလရ ၁၂ က ပြန်လည်အစားထိုး တပ်ချထားသည်ဟု နယ်စပ်ရောက် မိုင်းကိုင်ဒေသခံ ပြည်သူတစ်ဦးက သတင်းပေးပို့ပါသည်။ ❑

# ပြည်သူနဲ့အစိုးရဆက်ဆံပုံ

အင်္ဂလိပ်လိုGovernment လို့ခေါ်တဲ့အစိုးရဆိုတဲ့ဝေါဟာရဟာ နိုင်ငံရေးသိပ္ပံပညာရှင်တို့ရဲ့လေ့လာချက်အရ၄ မျိုးလောက်ရည်ညွှန်းချက်ရှိပါတယ်။

(၁) အုပ်ချုပ်ခြင်းလုပ်ငန်း (သို့) အာဏာကျင့်သုံးခြင်းလုပ်ငန်းကို ရည်ညွှန်းချက်ရှိပါတယ်။
(၂) အုပ်ချုပ်မှုရှိနေခြင်းဆိုတဲ့ အခြေအနေ ကို ရည်ညွှန်းချက်ရှိပါတယ်။
(၃) အာဏာပိုင်နေရာမှာရောက်ကြတဲ့ ပုဂ္ဂိုလ်တွေကိုရည်ညွှန်းချက်ရှိပါတယ်။
(၄) အုပ်ချုပ်ပုံအုပ်ချုပ်နည်း စည်းကမ်း စနစ်ကို ရည်ညွှန်းချက်ရှိပါတယ်။

**BBC** ဦးဖေသန်း (၂၀၀၃)

ယဉ်ကျေးမှု

# နေရာအသီးသီး၌ ၂၁၀၂ သျှမ်းနှစ်သစ် ကူးပွဲကျင်းပ



၂၀၀၇ ဒီဇင်ဘာ ၁၀ ရက်၌ ကျရောက်သော သက္ကရာဇ် ၂၁၀၂ သျှမ်းနှစ်သစ်ကူးပွဲကို အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ သျှမ်းပြည်တပ်မတော်ဌာနချုပ် လွယ်တိုင်းလျှန်းအပါအဝင် သျှမ်းပြည်မြို့ကြီးများနှင့် ရန်ကုန်၊ မန္တလေး၊ ကချင်ပြည်နယ် မိုးကောင်း၊ မိုးညှင်း၊ နမ့်တီး၊ မြစ်ကြီးနားအနောက်ဘက်ကမ်း ခတ်ချိုခေါ်ကတ်ကယို တို့တွင် အသီးသီးကျင်းပခဲ့ကြသည်ဟု ပြည်တွင်းမှလာသော သတင်းများအရ သိရှိရသည်။

အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်တွင် သျှမ်းစာပေယဉ်ကျေးမှုအဖွဲ့ကဦးဆောင်၍ ၈ ရက်နှင့် ၉ ရက်၌ကျင်းပသောသျှမ်းရိုးရာနှစ်သစ်ကူးပွဲနှင့်သျှမ်းစာပေ၊ယဉ်ကျေးမှုသမိုင်းဆွေးနွေးပွဲသို့ နိုင်ငံကျော်တေးရေးဆရာ စိုင်းခမ်းလိတ်၊ အဆိုတော် စိုင်းထီးဆိုင်နှင့် သျှမ်းစာပေပညာရှင် ဒေါက်တာစိုင်းဆန်အိုက်၊ စာရေးဆရာ မဟာမုန်း (မိုင်းစဲ့) တို့တက်ရောက်အားပေးခဲ့သည်။

*“လန်ဒန် ထိုင်းသံရုံးက* ***မလိ*** *ထိုင်းတေးဂီတတီးဝိုင်းက လာပြီး ဖျော်ဖြေပေးတယ်။ထိုင်းအဆိုတော် အက်ခရာဖေါဝ်ရဲ့ သျှမ်းအမျိုးသားအတွက်ရည်ရွယ်တဲ့ စိတ်ဓါတ်မြှင့်တင်ရေးသီချင်း****မိုင့်တောင့်ရောင်းဟိုက်*** *(ငိုနေစရာမလိုဘူး ) တေးသီချင်းကို မလိတီးဝိုင်းအဖွဲ့က သီဆိုဖျော်ဖြေတယ်။ကျနော်တို့ ဒီမှာ လွတ်လပ်ပျော်ရွှင်နေကြသလို ပြည်တွင်းက အခြားတိုင်းရင်းသားတွေအားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင် အမြန်ဆုံး အရောက်လှမ်းနိုင်ကြဖို့လဲ ကျနော်တို့ ဆုတောင်းကြတယ်”* ဟု ၎င်းကဆက်ပြောသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ သျှမ်းဘုန်းကြီးကျောင်းတွင်လည်း ၉ ရက်နှင့်၁၀ရက်နေ့၌ နှစ်သစ်ကူးပွဲကျင်းပခဲ့ကြ၏။ ချင်းမိုင်တိရစ္ဆာန်ရုံတွင် သျှမ်းအဆိုတော်များ၏ သီဆိုဖျော်ဖြေမှုဖြင့် သိုက်မြိုက်စွာကျင်းပခဲ့သော်လည်း ဝပ်ကူတောက်ဘုန်းကြီးကျောင်းတွင်မူ နှစ်သစ်ကူးနေ့ဆွမ်းကပ်ရန် လာကူကြသူများ အယောက် ၃၀၀ ခန့်သာရှိသည်။

၂၁၀၂ ခုနှစ် သျှမ်းနှစ်သစ်ကူးပွဲကို သျှမ်းပြည်မြောက်ပိုင်း မူစယ်မြို့ လွယ်တိန်ခမ်းတွင် ၃ ရက် ၃ ညကျင်းပရာ ခြေချစရာနေရာ မရှိသလောက် စည်ကားသည်ဟု ပရိတ်သတ်တစ်ဦးကပြောသည်။

သျှမ်းပြည်မြို့တော် တောင်ကြီးတွင်လည်း နှစ်သစ်ကူးပွဲနှင့်အတူ သင်္ကန်းကပ်လှူပွဲကျင်းပရာ အင်းလေး၊ ညောင်ရွှေ၊ ဟဲဟိုး၊ ဟိုပုန်း၊ နမ့်ခုတ်၊ ကတ်ကူ ဆိုင်လေး၊ နောင်မွန်မှ သျှမ်းစာပေယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသဖြင့် စည်ကားသိုက်မြိုက်ကြောင်းသိရသည်။

ထိုင်းနိုင်ငံဘန်ကောက်နှင့် ချင်းမိုင်ခရိုင်၊ ဝိန်းဟဲန် – ပိန်းလုံတို့တွင်လည်း သျှမ်းနှစ်သစ်ကူးပွဲနှင့်အတူ ထိုင်းဘုရင့်သက်တော် ၈၀ ပြည့် မွေးနေ့ဂုဏ်ပြုပွဲကျင်းပရာ အဆိုအက ဖျော်ဖြေမှုများပြုလုပ်ပြီး နှစ်ဆန်းတစ်ရက်နေ့၌ သံဃာတော်များထံ ဆွမ်းကပ်ခြင်းဖြင့်အလှူဒါနပြုကြသည်။ ထိုင်းနိုင်ငံအတွင်း ဒေသအသီးသီး၌ ကျင်းပခဲ့သောသျှမ်းနှစ်သစ်ကူးပွဲများအနက် ဝိန်းဟဲန်မှာ အစည်ကားဆုံးနှစ်သစ်ကူးပွဲဖြစ်သည်ဟု ဆိုပါသည်။

ဒီဇင်ဘာ ၉–၁၀ ရက်နေ့များ၌ သျှမ်းပြည်တပ်မတော်လွယ်တိုင်းလျှန်းဌာနချုပ်တွင်မူ သျှမ်းနှစ်သစ်ကူးပွဲ၊ အရာရှိသင်တန်းဆင်းပွဲ၊ ထိုင်းဘုရင့်သက်တော် ၈၀ ပြည့် မွေးနေ့ဂုဏ်ပြုပွဲ တပြိုင်တည်းကျင်းပခဲ့၏။ ဒီဇင်ဘာ ၂ ရက် ပဌာန်းဟောပွဲစတင်၍ ၅ ရက်နေ့၌ ထိုင်းဘုရင့်မွေးနေ့ဆုတောင်းပွဲ ဆင်နွှဲခဲ့ကြသည်။

သျှမ်းသက္ကရာဇ်ဖြစ်ပေါ်လာပုံမှာ ခရစ်မပေါ်မီ BC ၉၄ (ဗုဒ္ဓသာသနာ သက္ကရာဇ် ၄၅၀) က မောသျှမ်းဘုရင်ခွန်ယီ့သည် မောသျှမ်းနိုင်ငံတော် တည်ထောင်ခဲ့သည်။ သျှမ်းလူမျိုးများအတွင်း ပိဋကတ်သုံးပုံစတင်ရောက်လာသည့် ထိုနှစ်တွင်ပင် သက္ကရာဇ် ၁ စတင်ရေတွက်ခဲ့ရာမှ ယခုအချိန်အထိ သက္ကရာဇ် ၂၁၀၂ ခုနှစ် ဖြစ်လာခဲ့သည်ဟု အချို့သျှမ်းပညာရှင်များ ဆိုထားပါသည်။နိုင်ငံမအေးချမ်းမှုနှင့်အမျိုးမျိုးသောသွေးခွဲဖိနှိပ်ခံရမှုများကြောင့် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက နေရာအသီးသီး၌ သျှမ်းနှစ်သစ်ကူးပွဲ (ကောက်သစ်၊ သီးနှံသစ်လှူပွဲ) ကို မထင်မပေါ် ကျင်းပခဲ့ကြသည်။ ၁၉၆၆ ကစ၍ သျှမ်းပြည်မြောက်ပိုင်းတွင် စတင်ကျင်းပလာခဲ့၏။ ၁၉၉၀ နှောင်းပိုင်းမှစပြီး စည်းလုံးညီညွတ်မှုဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံမြှင့်တင်ရန် စိတ်ဓါတ်ပြင်းပြသူများ မျိုးချစ်များက သျှမ်းပြည်အနှံ့ နှစ်သစ်ကူးပွဲကျင်းပမှု ခေတ်စားလာခဲ့သည်။

သျှမ်းသက္ကရာဇ်နှစ်ကို ရှေးယခင်မှစ၍ ယနေ့တိုင် ကြွက်နှစ်၊ နွားနှစ်၊ ကျားနှစ် ၊ ယုန်နှစ်၊ နဂါးနှစ်၊ မြွေနှစ်၊ မြင်းနှစ်၊ ဆိတ်နှစ်၊ မျောက်နှစ်၊ ကြက်နှစ်၊ ခွေးနှစ်၊ ဝက်နှစ်ဟူ၍ ထိုင်း၊ လော၊ တရုတ်၊ မုံ့၊ ယောဝ့်၊ လိဆောတို့နှင့်တထေရာတည်း လည်ပတ်ရေတွက်လာခဲ့ကြသည်။ ဥပမာ ၂၁၀၁ တန်ဆောင်မုန်းလကွယ်ညအထိမှာ ဝက်နှစ်ဖြစ်ပြီး နတ်တော်လဆန်း ၁ ရက် ၂၁၀၂ ခုနှစ် ကြွက်နှစ်အတွင်း ကူးပြောင်းလာခဲ့ခြင်းဖြစ်သည်။ ❑

## သတင်းတို

# ရမခ တိုင်းမှူးတပည့် ဖမ်းမိပါမစ်မဲ့သစ်များ ကိုယ်ပိုင်အတွက် ပြန်ရောင်းစား

နိုဝင်ဘာ ၈ ရက်က အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်နမ့်လန်စခန်းထိုင်ရမခတိုင်းလှုပ်ရှားဗျူဟာဗျူဟာမှူးဒုဗိုလ်မှူးကြီး ကြည်မြင့် သည် ၄င်းချုပ်ကိုင်သော လားရှိုးအခြေစိုက် ခလရ ၄၁ ဟိုပန် အခြေစိုက် ခမရ ၁၄၃ တပ်ရင်း ၂ ရင်းအင်အားဖြင့် ဒေသတွင်းသစ်မာစုဆောင်းမှုကို လိုက်လံစစ်ဆေးဖမ်းဆီးစေရာ သီပေါမြို့နယ် ဝမ့်ဇင်းအုပ်စု သစ်ရောင်းဝယ်ခွင့်ပြုချက်မဲ့ သစ်ကုန်သည်များထံမှ သစ်မာတန်ပေါင်း ၁၀၀ ကျော် ဖမ်းဆီးရမိသည်ဟုဆို၏။

*“နမ့်လန်မြို့နယ် ကုန်းညောင်ရပ်ကွက် ကုန်းလျဲန်းဘုန်းကြီးကျောင်းမှာ ၁၀၀ တန်နီးပါးထပ်ဖမ်းမိတယ်။ စုစုပေါင်း ၂၀၀ တန်ပေါ့။ အဲဒီထဲမှာ ကျွန်းသစ် ၃–၄ တန်လောက်ပါတယ်၊ အဲဒါကို ပရိဘောဂလုပ်ခိုင်းပြီးရောင်းစားတယ်။ ကျန်တာ အခြားသစ်မာတွေ။ ဖမ်းမိတဲ့သစ်တွေကို ချောဆွဲထားတဲ့သစ်တင်ကားတွေနဲ့ နမ့်လန် ခမရ ၁၄၃ ကို ပို့ထားတယ်”* ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ဖမ်းဆီးရမိသော သစ်အချို့အထက်သို့အပ်နှံသော်လည်း ကျန်သစ်အများစုကို ရောင်းစားပြီး တိုင်းမှူးကိုပါလာဘ်ထိုးကြောင်း သျှမ်းပြည်မြောက်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

တိုင်းလှုပ်ရှား ဗျူဟာမှူး ဒု ဗိုလ်မှူးကြီး ကြည်မြင့်သည် ရမခတိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၏ တပည့်ကောင်းတစ်ယောက်ဖြစ်သဖြင့် ဖမ်းမိသောသစ်တန် ၂၀၀ အနက် အထက်သို့တန် ၃၀ သာပို့ဆောင်အပ်နှံပြီး ကျန်သစ်များကို မောင်ပိုင်စီးလုပ်၍ သီပေါမြို့တောင်ဘက် ခိုင်းဆင်မ်ရွာနှင့်မျက်နှာချင်းဆိုင် ခလရ ၁၄၇ တပ်ကို တာဝန်ယူဆောက်လုပ်နေသော မန္တလေးမှတရုပ်လောပန်းပိုင် HK ကုမ္ပဏီသို့ ရောင်းပေးသည်ဟု ဆိုပါသည်။

*“HK ကုမ္ပဏီက ရမခ ဒု တိုင်းမှူးဗိုလ်မှူးချုပ် လှမြင့်ဆီမှာ သစ်ရောင်းဝယ်ခွင့် တောင်းတယ်လေ”* ဟု ၄င်းက ဆက်ပြောပြသည်။

ရမခတိုင်းမှူး၏တပည့် တိုင်းလှုပ်ရှားဗျူဟာမှူး ဒုဗိုလ်မှူးကြီး ကြည်မြင့်၏ သစ်ဖမ်းဆီးမှု၊ ရောင်းစားမှုနှင့် လာဘ်ထိုးမှုကို တန့်ယန်းမှ နမ့်လန်သို့ မကြာသေးခင်ကပြောင်းရွှေ့လာသော အခြေချ စစ်ဗျူဟာ ဗိုလ်မှူးကြီး ဟန်ညွန့်အဘို့ ဖြစ်စဉ်အလုံးစုံသိသော်လည်း မည်သို့မျှ မပြောဆိုရဲပဲဟု ထိုဒေသခံကဆက်ပြောပြ၏။

သျှမ်းပြည်မြောက်ပိုင်း သစ်လုပ်ငန်း လုပ်ခွင့်ရှိသူများအနက် ၂၀၀၅ ကနအဖထံလက်နက်ချသော လားရှိုးခရိုင် နမ့်ပေါင်မြို့နယ်မှ ယခင် SSNA တပ်မဟာ ၁၉ တပ်မမှူး ဦးကုံခေး၊ သိန္နီမြို့နယ် စေ့အူတိုက်နယ်မှ ယခင် SSNA တပ်မဟာ ၁၁ တပ်မဟာမှူး ဦးကန္တ တို့သာမက ကွတ်ခိုင်မြို့မှ တရုပ်လောပန်း သစ်ကုန်သည် ဦးရန်နိုင်တို့ သည်လည်း ဒု တိုင်းမှူး၏ ခွင့်ပြုချက်ရသည်ဟု ဆိုပါသည်။ သစ်ပါမစ် တစ်ခါတောင်းပါက ကျပ်ငွေ သန်း ၃၀ ခန့် ဘဏ္ဍာဆက်ကြရသည်ဟု သစ်ကုန်သည်များ အသိုင်းအဝိုင်းက ဆိုပါသည်။ ❑

# ကြက်တုပ်ကွေးအကြောင်းပြချက်ဖြင့် ကြက်သတ်ခိုင်း ကျိုင်းတုံမီးသတ် ဓါးခုတ်ခံရ

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံ တြိဂံတိုင်းမှူး၏ညွှန်ကြားချက်အရ ကျန်းမာရေးဝန်ထမ်း၊ မီးသတ်နှင့်ရဲတပ်ဖွဲ့တို့အား ဒေသတွင်းရှိကြက်ငှက်တုပ်ကွေးရောဂါ စီစစ်ရှင်းလင်းစဉ်၊နိုဝင်ဘာ ၂၅ ရက်နေ့လည် ၁၂ နာရီက ကျန်းမာရေးဝန်ထမ်းများမပါသော မီးသတ်အဖွဲ့၃၊၄ ယောက်သည် ကိန်းလိတ်ဝမ့်မိုင်ရွာသို့သွား၍ အိမ်မွေးကြက်၊ ဘဲများ သတ်ပစ်ရန် ရွာသားများအားအကြောင်းရှာ ခြိမ်းခြောက်ကြောင်း နယ်စပ်ရောက် ကျိုင်းတုံဒေသခံထံမှ သိရသည်။

ထို့သို့ လိုက်လံခြိမ်းခြောက်ငွေညှစ်သော မီးသတ်အဖွဲ့ ၃–၄ ယောက်အား ခံပြင်းလွန်းသဖြင့် ပြန်လည်ငြင်းခုံအံတုသူ ကိန်းလိတ်ဝမ့်မိုင်ရွာသား အသက် ၂၅ နှစ်အရွယ်အခါ အမျိုးသားတစ်ဦးက ဓားဖြင့်ခုတ်ရာ မီးသတ်တပ်ဖွဲ့ဝင်တစ်ယောက် ပွဲချင်းပြီးသေဆုံး၍ တစ်ယောက်ဒဏ်ရာရခဲ့သည်ဟု ဆိုပါသည်။

*“ခုတ်သတ်ပြီးတာနဲ့ အဲဒီအိမ်ရှင်အခါကလဲ ချက်ချင်း ရဲစခန်းသွားပြီးအဖမ်းခံတယ်”* ဟုထိုဒေသခံကဆက်ပြောပြသည်။

ကျိုင်းတုံ၌ ကြက်ငှက်တုတ်ကွေးတွေ့ရှိသည်ဟု နအဖ သတင်းစာများဖော်ပြမှု၏ နောက်ခံအကြောင်းရင်းမှာ ကျိုင်းတုံ ကတ်ဖ

စာမျက်နှာ 38 သို့

ဆောင်းပါး

# ပင်လုံကို ပြန်သွားရမည်ဟု စဝ်ယွက်စစ် ထောက်ပြ


Photo : SHAN

သျှမ်းနှစ်သစ်ကူးနေ့အကြို ၇၊၁၂၊၀၇ နေ့၌ သျှမ်းသံတော်ဆင့် (Shan Herald) က RCSS/ SSA-S ခေါင်းဆောင်ကြီး ဗိုလ်မှူးကြီးယွက်စစ်နှင့် လွယ်တိုင်းလျဲန်းဌာနချုပ်တွင် အင်တာဗျူး လုပ်ခွင့်ရရှိခဲ့၏။ စဝ်ယွက်စစ်မှ ဖြေကြားရှင်းလင်းသည့် နိုင်ငံရေး စစ်ရေးအခြေအနေများ အနက် အောက်ပါအနှစ်ချုပ်အချို့ကို ဖော် ပြလိုက်ပါသည်။

## စက်တင်ဘာ ဖမ်းဆီးနှိပ်စက်ကွပ်မှုနှင့် စပ်လျဉ်း၍

ဗမာပြည်ဟာ နှစ်ရှည်လများကတည်းက မီးခဲပြာဖုံးအနေ အထားဖြစ်ခဲ့တယ်။ တစုံတရာလေမှုတ်တိုက်လိုက်တာနဲ့ ချက်ချင်းမီး ထတောက်နိုင်တယ်။ နအဖစစ်ဗိုလ်ချုပ်တွေရဲ့ ရက်စက်စွာဖမ်းဆီးနှိပ် ကွပ်မှုဟာ အဲဒီမီးခဲကြီးကို တစ်ခါပြန်ပြီး ယာယီဖုံးထားနိုင်တာလောက် ပါ။ အဲဒီမီးခဲကြီးကို အပြီးတိုင် ငြိမ်းသတ်နိုင်ပြီလို့ ဒင်းတို့ ယူဆရင်တော့ မဟာအမှားကြီးပေါ့။

## အတိုက်အခံများ၏သွေးစည်းမှု

စက်တင်ဘာ အရေးအခင်းရဲ့ ထူးခြားတဲ့ အဓိက အကျိုးဆက်က ဗမာဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားအင်အားစုတွေကို ပိုပြီး သွေးစည်းခိုင်မာလာစေပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဘုံရန်သူ နအဖစစ်အုပ်စုကို ဝိုင်းဝန်းဖယ်ရှားဖို့နဲ့ ဒီမိုကရေစီစနစ် ဖော် ဆောင်ဖို့ အခြေခံပေါ်မှာဘဲ ညီညွတ်ကြတာဖြစ်တယ်။ ဖက်ဒရယ် ပြည်ထောင်စုတည် ဆောက်ရေးအခြေခံအပေါ်မှာ အတူတကွပိုမိုပူးပေါင်းဆောင်ရွက်ဖို့လို အပ်နေပါသေးတယ်။ ဒါကြောင့်နအဖစစ်အုပ်စု အာဏာပလ္လင်ပေါ်က နေတွန်းချနိုင်တဲ့အထိ ဒီကိစ္စကိုရွှေ့ဆိုင်းသင့်မသင့် စဉ်းစားနေပါတယ်။

## ကုလသမဂ္ဂ ကဏ္ဍ

ကုလသမဂ္ဂနဲ့ အထွေထွေအတွင်းရေးမှူးရဲ့ ဗမာပြည်ဆိုင်ရာ အထူးသံကိုယ်စားလှယ် အီဗရာဟင်မ် ဂမ်ဘာရီတို့ အထူးနှလုံးသွင်း သိရှိထားသင့်တာက ကနေ့ ဗမာပြည်နိုင်ငံရေး ပြဿနာရဲ့ဇစ်မြစ်ဟာ ပင်လုံကစတာဖြစ်တယ်။ တိုင်းရင်းသားခေါင်းဆောင်ကိုယ်စားလှယ်တွေနဲ့အတူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၁၉၄၇ ပင်လုံစာချုပ်မှာ ပြည်ထောင်တိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ ကိစ္စကို အကောင်အထည်ဖော် ဆောင်ကြရမယ်။ အုပ်စိုးသူဗမာစစ်အုပ်စုကပင်လုံစာချုပ်သဘောတူညီချက်ကိုကျောခိုင်းချေဖျက်ဖို့တလျှောက်လုံးကြိုးစားလာခဲ့တယ်။အဲဒါဟာလက်ရှိပြဿနာသောင်းခြောက်ထောင်ကို မီးမွှေးပေးခဲ့တာဖြစ်လို့ တနေ့တခြား အခြေအနေဆိုးဝါးလာနေတာပါ။ အဲဒီပင်လုံသဘောတူညီချက်တွေအတိုင်း ပြန်မသွားနိုင်သမျှကာလပတ်လုံး စစ်မှန်တဲ့ပြည်ထောင်စုအသစ်ဖော် ဆောင်ဖို့ဆိုတာ မီးခဲပြာဖုံး ဘဝကနေ လွန်မြောက်နိုင်မှာမဟုတ်ဘူး။

## ဗမာစစ်တပ်ကဘဲ တိုင်းပြည်မပြိုကွဲအောင် ထိန်းချုပ်ထားနိုင်တယ် ဆိုတဲ့ကိစ္စ

အလွန်မှားယွင်းတဲ့ ယူဆချက်ဖြစ်တယ်။ ပြည်သူလူထုရဲ့ သဘောတူလက်ခံမှု ဆန္ဒသဘောထားမရရှိဘဲနဲ့ တိုင်းပြည်ကို ဘယ်လို စုစည်းထိန်းချုပ်နိုင်မလဲ၊ ဗမာစစ်တပ်သာစုစည်းထိန်းချုပ်ထားနိုင်တယ် ဆိုရင် ၁၉၉၀ ရွေးကောက်ပွဲတုံးက ပြည်သူလူထုအနေနဲ့ ဘာကြောင့် NLD/ SNLD ကိုတခဲနက် မဲပေးထောက်ခံကြတာလဲ?။

## RCSS နှစ်လည်အစည်းအဝေးမှာ ဘာပေါ်လစီလုပ်ငန်းစဉ်အသစ်တွေရှိသလဲ?

ဒီကောင်စီထဲကို တိုက်နယ်အသီးသီးက လူထုကိုယ်စားလှယ်တွေပါဝင်လာနိုင်အောင် ကျနော်တို့ ကြိုဆိုလမ်းဖွင့်ထားပါတယ်။ ရည်မှန်းချက် ၄ ရပ်ရှိပါတယ်။

- ❑ ကျေးလက်ပြည်သူအကြား လှုပ်ရှားပြီး လူထုကိုအားထားရတဲ့ ကျနော်တို့ SSA တပ်မတော်သားတွေ ဘယ်လိုဘာများမဟုတ်၊ မတရားပြစ်မှားလုပ်မိသလဲဆိုတာ ကောင်စီကို အချိန်မီ လွတ်လပ်စွာ အကြောင်းကြားတင်ပြနိုင်ဘို့။
- ❑ လူထုအတွင်း ဒေသဆိုင်ရာ အထူးကိစ္စတွေအတွက် ဖွံ့ဖြိုးရေး စီမံချက်တွေ တင်ပြနိုင်ဖို့။
- ❑ RCSS ကို အကြံဉာဏ်များပေးဖို့
- ❑ အမျိုးသားရေးဆိုင်ရာ နိုင်ငံရေးအစည်းအရုံးကဏ္ဍတွေမှာ ပါဝင်ဆုံးဖြတ်ချက်ချနိုင်ဖို့ – စတာတွေဖြစ်ပါတယ်။

သျှမ်းဟယ်ရယ်လ် ၁၃၊ ၁၂၊ ၀၇

# စီးပွားရေးကပ်ဆိုက်မှုသံသရာ

မြန်မာနိုင်ငံရဲ့ ဓါတ်ဆီ / ဒီဇယ်ဈေး၊ ပြည်တွင်းထွက် ဓါတ်ငွေ့ဈေး ၅ ဆ တိုးပစ်လိုက်လို့ ဒီပြဿနာဟာ ပြည်သူတွေရဲ့သွားလာရေး၊ ပို့ဆောင်ရေးလုပ်ငန်းတွေ ထိခိုက်လာတယ်။ စားဝတ်နေရေး ပြဿနာတက်လို့ဒီပြဿနာဖြစ်လာတာ။ပြည်သူတွေတောင်းဆိုတာကစီးပွားရေးအကြပ်အတည်းဖြစ်လို့၊လူတွေဆင်းရဲလို့၊စားစရာမရှိလို့၊ကုန်ဈေးနှုန်းကြီးလို့တောင်းဆိုတာ အစပိုင်းမှာနိုင်ငံရေးနည်းနဲ့ မင်းတို့ဆင်းပေးလို့တောင်းဆိုတာမဟုတ်သေးဘူး။

မဆလ၊ နအဖခေတ်မှာ ဗိုလ်ချုပ်တွေ တိုင်းပြည်စီးပွားရေးမလုပ်တတ်ဘူး။ ပြဿနာအခြေခံအကြောင်းရင်းက အဲဒီကစလာတာ။ လုပ်တော့တလွဲလုပ်တယ်။ တိုင်းပြည်စီးပွားရေး ပေါ်လစီမှားတယ်။ ဒီကြားထဲ လိမ်ပြီးရင်းထပ်လိမ်တယ်။ တိုင်းပြည်မတိုးတက်ဘဲနဲ့ တိုးတက်တယ်ဆိုတဲ့ ပြဿနာတွေဟာ ကာလကြာလာတဲ့အခါ အခြေခံအကြောင်းရင်း ဖြစ်လာတယ်။

ပြည်သူတွေရဲ့တောင်းဆိုမှုကို နအဖက အကြမ်းဖက်ဖိနှိပ်နေတော့ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးတွေ ရပ်ကုန်ပြီ။ နောက်ဆုံး ဆောင်ရွက်မှုလုပ်ငန်းတွေ ရပ်တဲ့အခါ ဒီအကျိုးဆက်က တခုခုဖြစ်နေပြီ။ စီးပွားရေးအကျိုးဆက်ဆိုတာလက်ငင်းကာလရှိသလို ဆက်ဆက်ပြီးဖြစ်သွားတာလဲရှိတယ်။ အဲဒီအကျိုးဆက်တွေကြောင့်သာ ထိခိုက်လာမယ်။ နောက်တချက်၊လက်ရှိ အခြေအနေမှာ ဗမာပြည်သစ်တောတွေ ပြုန်းတယ်၊ ရေတွေကြီးတယ်။မိုးခေါင်တယ်။ မလိုအပ်တဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်လာတယ်။ စပါးဈေးကလဲ နောက်လာမဲ့ရာသီမှာ တက်မယ်။ ဒါတွေပေါင်းစပ်လိုက်တဲ့အခါ တိုင်းပြည်ရဲ့ထုတ်လုပ်မှုဟာ ပုံမှန်မဟုတ်ဘဲနဲ့ ကျဆင်းလာတယ်။ ကုန်ထုတ်လုပ်မှုကျရင် ကုန်ဈေးနှုန်းတက်တယ်၊ ထုတ်လုပ်မှုကနေထွက်မဲ့ **Export** လုပ်ငန်းတွေလည်း ကျဆင်းလာတဲ့အခါမှာ တိုင်းပြည်စီးပွားရေးချုတ်ခြုံကျမှု သံသရာလည်လာတယ်။ ကြီးမားတဲ့ စီးပွားရေးပြဿနာ သံသရာလည်မယ်ဆိုတာ ကျနော်ခြုံငုံပြီး ပြောခြင်းဖြစ်ပါတယ်။

မဆလခေတ်အပြီး နအဖတက်လာတဲ့အချိန်ကိုပြန်ကြည့်ရင် လက်ဘက်ရည်တခွက်က ၁ ကျပ်။ အခုက ၂၀၀ ကျပ်။ လူတစ်ယောက်ရဲ့ဝင်ငွေနဲ့ ပြန်ချိန်ကြည့်တဲ့အခါမှ ကုန်ဈေးနှုန်းတွေ အရာရာတက်နေတယ်။ လူတယောက်ဝင်ငွေရဲ့ ၇၀% ဟာ အစားအစာအတွက် သွားနေတယ်။ ကျန်တာက သူတို့ရဲ့ကျန်းမာရေး ပညာရေးအတွက် ဘာမှသုံးလို့ မလောက်တော့ဘူးဒါကြောင့် ဝန်ထမ်းတွေ အကျင့်ပျက်၊



Photo : website

ပြည်သူတွေဒုက္ခရောက်၊ ဒါတွေ ဖြစ်လာတာ။ ၁၉၉၀ ကျော်လာတော့ ၁၉၉၅ လောက်ဆိုရင် ဒီပြဿနာတွေ တော်တော်ဆိုးလာပြီ။ လူတွေရဲ့ကုန်ကျစရိတ် ၇၀%က စားစရိတ်နဲ့ ကုန်သွားတယ်။

ကျန်တဲ့ ၃၀% က မှီနေရတော့ ပိုကြပ်တည်းလာတယ်။ နအဖစီးပွားရေးစီမံခန့်ခွဲမှု ညံ့ဖျင်းတာကြောင့် လူတွေရဲ့ဝင်ငွေတွေကလျှော့ကုန်ဈေးနှုန်းတွေကတက်၊ လုပ်ငန်းတွေက အဆင်မချော၊ လူတွေရဲ့စားဝတ်နေရေးက ပိုမိုကြပ်တည်းလာတာဖြစ်တယ်။

လူတွေရဲ့ အကြမ်းဖျင်းဝင်ငွေရဲ့ ၈၀ % ကျော်ကျော် လောက်ဟာ စားသောက်စားရိတ် ဖြစ်တာကြောင့်လူတွေ ထမင်းရည်သောက်ရတယ်။ နှစ်နပ် တစ်နပ်ပေါင်းစားရတယ်။ အဲလိုဖြစ်နေတဲ့အချိန်မှာ သူတို့က အရေးကြီးတဲ့လောင်စာဆီ ဈေးထပ်တိုးတော့ လူတွေပေါက်ကွဲတော့တာဘဲ။ ဒီအချက်တွေ အခြေခံတဲ့စီးပွားရေးကယက်လဲ စီးပွားရေးကပ်ဆိုက်မှု ပိုကြီးမားလာတယ်လို့ ကျနော်အတိအကျ သုံးသပ်လိုပါတယ်။

ဒီတိုင်းသာဆက်သွားရင် အစကတည်းက အခြေအနေ မကောင်းဘူး၊ အရမ်းဆုတ်ယုတ်နေတဲ့အချိန်မှာ နအဖက ပြည်သူတွေကို မတရားသတ်ဖြတ်လို့ ပြည်သူတွေကြောက်သွားတယ်ဆိုပါစို့။ အလုပ်ပုံမှန်ပြန်လုပ်နိုင်ပြီဆိုရင်တောင်မှ နောက်ထပ်တနှစ်အတွင်း ဒါမှမဟုတ် ၆ လအတွင်း ဒီပြဿနာ ပြန်လည်လာမှာ။ **Business circle** လို့ခေါ်တဲ့ စီးပွားရေးသံသရာကပ်ဆိုက်မှုက ပြန်လည်လာမှာ။ အကယ်၍ နအဖရဲ့ဖိနှိပ်မှုက နောက်ထပ်ဆက်ဖြစ်နေမယ်ဆိုရင် ဒီပြဿနာ ရပ်မှာမဟုတ်တော့ဘူး၊ ဆက်ဖြစ်သွားဖို့ဘဲရှိတယ်။ ဒီပြဿနာဟာ တိုင်းပြည်အတွက် လုံးဝအလားအလာ မကောင်းဘူး၊ ပြည်သူတွေ ဆင်းရဲဒုက္ခရောက်ရမယ်ဆိုတာ ကျနော်စိတ်မကောင်းစွာနဲ့ ပြောရတာပါ။

**ဦးစိန်ဌေး မြန်မာ့စီးပွားရေးပညာရှင် VOA ၀၈၊ ၁၀၊ ၀၇**

## လူထုမပါဘဲ ပုံပေါ်လို့မရ

"ကမ္ဘာတလွှား ဘယ်အရပ်ဒေသမှာမဆို ဆီထမင်းကို ဆီမထဲ့ဘဲ ထုတ် လုပ်လိုက်ပြီဟေ့
ဆိုတဲ့တနေ့မှာ ဒီမိုကရေစီကို လူထုမပါဘဲ ပုံပေါ်လို့လဲရချင်ရမှာပါ"

**BBC** ဦးဖေသန်း ( ၃၀၊ ၆၊ ၂၀၀၃)

# မိတ်ဆွေကြီးက ဒီမိုကရေစီကို တစ်ကယ်ကြိုက်နိုင်ပါ့မလား (၁)



ခက်သင့်ရမဲ့နေရာမှာ မခက်ဘဲ မခက်ရမဲ့နေရာမှာခက်နေတတ်ပါတယ်။ ပူရမဲ့ကိစ္စကိုအဓိကမထားဘဲ မပူရမဲ့ကိစ္စကိုအဓိကထားတတ်ပါတယ်။ လွယ်လွယ် ရှင်းရှင်း ရိုးရိုးမြင်သင့်တဲ့ကိစ္စကို ကင်းမြီးကောက်ထောင်ပြီး ကြည့်တတ်ပါတယ်။ ဘယ်ဘက်က နားရွက်ကိုဘယ်လက်နဲ့ လွယ်လွယ်ကူကူ၊ မြန်မြန် ဆန်ဆန်ကိုင်နိုင်ရက်နဲ့ ဘယ်နားရွက်ကို ညာလက်နဲ့ ကသိကအောက်အဖြစ်ခံပြီး ကိုးလိုးကန့်လန့် ခက်ခက်ခဲခဲကိုင်တတ်ပါတယ်။ ဗိုလ်ချုပ်က အောင်ပွဲမရောက်ခင် တက်ထောင်တတ်တာကို ဝေဖန်ခဲ့ဘူးပါတယ်။ အခုတွေ့နေရတာတွေထဲက အချို့တွေဟာ တက်ထောင်နေတာ မဟုတ်ပါဘူး။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား အချင်းချင်းတက်နဲ့ ရိုက်ချနေတာမျိုးပါ။

ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံးအရေးကိစ္စအတွက် နအဖနဲ့ ဆွေးနွေးတဲ့နေရာမှာ တိုင်းရင်းသားတွေအရေးကို အလေးထား ထည့်သွင်းစဉ်းစားမယ်။ တိုင်းရင်းသားတွေအရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးမယ်ဆိုတာက ဘယ်ပုဒ်မ ဘယ်ရာဇဝတ်မှုကို ကျူးလွန်လိုက်ပါသလဲ။

ဒေါ်အောင်ဆန်းစုကြည်ကလဲ ဘယ်သောအခါကမှ သူ့ကိုယ်သူ တိုင်းရင်းသားအားလုံးရဲ့ ပြောရေးဆိုခွင့်ရှိသူလို့ သူကသာလျှင် အဆုံးအဖြတ်ပေးမယ်လို့ကြေညာထားတာမရှိပါဘူး။ လုပ်ခွင့်မရှိသလို လုပ်လဲလုပ်မှာမဟုတ်ပါဘူး။တစ်ကယ်တော့ **တိုင်းရင်းသား အားလုံးရဲ့ ကိုယ်စားကို ကာယကံရှင်တိုင်းရင်းသားအားလုံးက၊ တစ်နိုင်ငံလုံးကိစ္စကို နိုင်ငံသားအားလုံးက ဥစ္စာရင်လို ဥစ္စာရင်ခဲ အားလုံးပါဝင်ပြီးကိုယ်တိုင်ပြောကြရမှာပါ။** ခေါင်းဆောင်တွေကလဲ ခေါင်းဆောင်နေရာက အလိုက်ပေ့ါ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်က ဗမာဖြစ်တဲ့အတွက် အခြားတိုင်းရင်းသားတွေရဲ့ အရေးကိစ္စကို လုံးဝပြောခွင့်မရှိဘူးဆိုတဲ့ သူတွေကတော့ အစွန်းရောက်လွန်းပါတယ်။ ကရင်ဖြစ်လို့ မွန်ကိစ္စမပြောရဘူး။ ရှမ်းဖြစ်လို့ရခိုင်ကိစ္စမပြောရဘူးဆိုရင် ဘယ်လိုလုပ်ပြီး အားလုံးအတူတူနေနိုင်မဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာလဲ။ ကျုပ်တို့က သီးခြားနိုင်ငံတော်လေးတွေကို တည်ဆောက်တော့မှာမို့လား။

ဥပမာတစ်ခုပေးပါမယ်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှာ ရှမ်းပြည်ကတိုင်းရင်းသားတွေ အားလုံးပါဝင်နေကြတဲ့ အတွက် ရှမ်းပြည်တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပြီးပြောနိုင်တယ်လို့ ဆိုပါတယ်။ဒါကိုလက်မခံနိုင်လို့ဘဲဖြစ်ဖြစ်၊လက်တွေ့မကျမလုံလောက်လို့ဘဲဖြစ်ဖြစ် ရှမ်းပြည်ကရှမ်းမဟုတ်တဲ့ အခြားတိုင်းရင်းသားတွေကလဲ သူတို့လူမျိုးဆိုင်ရာ သီးသန့်ဖွဲ့စည်းလုပ်ကိုင်နေတာရှိပါတယ်။ ဒီတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က သူ့မူ၊ သူ့ရည်ရွယ်ချက်အတိုင်း ရှမ်းပြည်က တိုင်းရင်းသားတွေအားလုံးအကျိုးကို ဦးတည် လုပ်မြဲ လုပ်နေသလို၊ ရှမ်းပြည်ထဲက ရှမ်းမဟုတ်တဲ့ တိုင်းရင်းသားတွေကလဲ မိမိသက်ဆိုင်ရာလူမျိုးအသီးသီးရဲ့ အကျိုးစီးပွါးအတွက် ဦးစားပေး သီးခြားလုပ်နေကြပါတယ်။ အဲဒါဘာများမှားပါသလဲ။ မှားတယ်လို့ထင်သူများရှိကြပါသလား။ ရှမ်းပြည်တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ရှမ်းပြည်တိုင်းရင်းသားတွေအားလုံးရဲ့ အကျိုးစီးပွါးအတွက် လုပ်ဆောင်ခွင့်၊ပြောဆိုခွင့်မရှိဘူးလို့ ရေးကြီးခွင်ကျယ်လုပ် ကန့်ကွက်တာများကြားမိပါသလား။ ကန့်ကွက်ကော ကန့်ကွက်သင့်ပါသလား။

ဒီအတိုင်းဘဲ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် စတဲ့ပြည်နယ်တွေမှာလဲ ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုလုပ်ဆောင်ဖို့ ဖွဲ့စည်းလုပ်ဆောင်နေကြတာရှိသလို ပြည်နယ်ထဲက လူမျိုးအသီးသီးက မိမိဆိုင်ရာလူမျိုးအလိုက် ဖွဲ့စည်းလုပ်ဆောင်နေကြတာပါဘဲ။ တစ်ထွာတတ်နိုင်တဲ့သူကတစ်ထွာလုပ်၊ တစ်တောင်တတ်နိုင်တဲ့သူက တစ်တောင်လုပ်၊တစ်လံတတ်နိုင်တဲ့သူက တစ်လံလုပ်တာလို့ သဘောထားရမှာပါ။ ဦးတည်ချက်ချင်းတူ၊ ဘုံရန်သူချင်းတူ၊ ဘုံအကျိုးစီးပွါးချင်းတူဖြစ်ရက်နဲ့ တစ်လံလှမ်းနိုင်တဲ့သူကို တစ်ထွာလှမ်းနိုင်တဲ့သူက မုဒိတာပွါးအားပေးဖို့ လိုပါတယ်။ ကိုယ့်မိတ်ဖက် အချင်းချင်း ခြေထိုးခြေဆွဲလုပ်၊ သူခိုး ဓါးရိုးကမ်းမိုက်ပြဖို့မလိုပါဘူး။

ရှမ်းပြည်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ရှမ်းပြည်ထဲမှာရှိတဲ့ တိုင်းရင်းသားများအားလုံးကို ကိုယ်စားပြုလုပ်ပိုင်ပြောပိုင်ခွင့်ရှိရင်၊ အီးအင်စီက ပါဝင်တဲ့တိုင်းရင်းသားအားလုံးရဲ့ကိုယ်စားပြောပိုင်ခွင့်ရှိရင်၊ မြန်မာပြည်တစ်နံတစ်လျားက တိုင်းရင်းသားပေါင်းစုံနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အင်အယ်လ်ဒီမှာကော တစ်တိုင်းပြည်လုံးအရေး၊ တိုင်းရင်းသားအားလုံးအရေးကို ထိုက်သင့်သလောက် ပြောပိုင် ဆိုပိုင်ခွင့်မရှိပေဘူးလား။ ဥပမာအနေနဲ့ထင်ရှားအောင် အက်စ်အင်အယ်လ်ဒီနှင့်အီးအင်စီတို့ကို ရေးပြရခြင်းသာဖြစ်ပါတယ်။ တစ်ကယ်တော့ **အက်စ်အင်အယ်လဒီနှင့် အီးအင်စီတို့ဟာ တစ်နိုင်ငံလုံးအရေးကို ခြုံငုံသုံးသပ်နိုင်ပြီး အင်မတန်အမျှော်အမြင်ကြီးတဲ့ အဖွဲ့အစည်းကြီးများဖြစ်ပါတယ်။** ကျုပ်တို့ရဲ့ အနာဂါတ်ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးမှာ အားထားရမဲ့ အဖွဲ့အစည်းကြီးများ ဖြစ်ပါတယ်၊ တစ်ဆက်တည်းမှာဘဲ မြန်မာပြည် ဒီမိုကရေစီဖေါ်ဆောင်ရေးဟာ တိုင်းရင်းသားများရဲ့ မူလလွတ်လပ်ခွင့်တွေနဲ့ ခွဲခြားထားလို့မရဘူး။ သီးခြားလုပ်ဆောင်လို့မရဘူး။တိုင်းရင်းသားတွေရဲ့မူလပိုင်ခွင့်တွေနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ရေးကို တစ်ပြိုင်တည်းစတင်နိုင်ဖို့ အားလုံးမှာတာဝန်ရှိ

ပါတယ်ဆိုတာကိုလဲ ဒီနေရာမှာ အရေးထားတင်ပြလိုပါတယ်။

ဒီတော့ နောက်တစ်မျိုးပြောကြတတ်ပြန်ပါတယ်။ NLD မှာ တိုင်းရင်းသားက နဲနဲသာပါပါတယ်။ ဗမာကအများစုမို့ ဗမာပါတီဖြစ်ပါတယ်တဲ့။ လက်ညှိုးထိုးခြင်းဟာ အလွယ်ကူဆုံးအလုပ်တစ်မျိုးဖြစ်တာမို့ လက်ညှိုးထိုး လွယ်တတ်ကြပါတယ်။ အလွယ်လက်ညှိုး မထိုးခင် အချိန်ကလေးနဲနဲယူပြီး သဘာဝကျကျစဉ်းစားတတ်ကြမယ်ဆိုရင် ပြဿနာအားလုံးရဲ့ တစ်ဝက်လောက်က အစကတည်းက ဖြစ်ပေါ်လာမယ်လို့တောင် မထင်ပါဘူး။

ရှမ်း၊ ရခိုင်၊ ကရင်၊ မွန်၊ ချင်း၊ ကချင်စတဲ့ ပြည်နယ်အသီးသီးက ပြည်နယ်လုံးဆိုင်ရာ နိုင်ငံရေးပါတီတွေ ဖွဲ့ကြမယ်ဆိုရင်သက်ဆိုင်ရာပြည်နယ်အသီးသီးမှာ ဘယ်လူမျိုးတွေက အများစုဖြစ်ကြမှာပါလဲ၊ ၊အဲဒီပြည်နယ်တွေမှာ လွှတ်တော်ခေါ်ရင်၊ အစိုးရဖွဲ့ရင် ဘယ်လူမျိုးတွေက အများစုဖြစ်မှာလဲ။ လူဦးရေအများစုဖြစ်တဲ့ လူမျိုးတွေက သက်ဆိုင်ရာပြည်နယ်အသီးသီးမှာ တာဝန်အသီးသီးကို ပိုယူရတာ မဆန်းရင် မြန်မာတစ်နိုင်ငံလုံးမှာ လူဦးရေအများဆုံးဖြစ်တဲ့ ဗမာတွေက နိုင်ငံလုံးဆိုင်ရာကိစ္စတွေမှာ တာဝန်ပိုယူရတာကျမှ ဘာ့ကြောင့် ဆန်းချင်ကြပါသလဲ။

မိတ်ဆွေတို့ ဒီမိုကရေစီကို တစ်ကယ်ကေယယုံကြည်ကြပါရဲ့လား။

အောင်ထီ (နိုဝင်ဘာ ၂၅၊ ၂၀၀၇)

# စက္ကူကျား ကုလလုံခြုံရေးကောင်စီ



ဒီအချိန်မှာ ကုလသမဂ္ဂဘက်က အရမ်းအားနည်းတဲ့ အနေအထားနဲ့သွားရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗမာစစ်အစိုးရဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ တညီတညွတ်ထဲအတည်ပြုတာကို ကြောခိုင်းပြီးလစ်လျူရှုထားခဲ့ပါပြီ ။ အခုသူတို့ပြောနေကြတာက အရင်ပြောနေကျစကားတွေဖြစ်တဲ့ (လွန်ခဲ့တဲ့ ၂ နှစ်မှာစတင်ခဲ့တဲ့) အချက် ၇ ချက်ပါ နိုင်ငံရေးလမ်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေရာမှာ အခုအဆင့် ၁ ကိုဆောင်ရွက်နေတယ်။ ဒီလို ဆောင်ရွက်နေတာဟာလည်း ကျေနပ်စရာအောင်မြင်နေတယ်ဆိုလို့ ဒီကိစ္စအပေါ် နိုင်ငံတကာက မေးခွန်းထုတ်တာကို လက်ခံတဲ့အဆင့်တောင်မရှိဘူးဖြစ်နေပါတယ်။ ဗမာအစိုးရ ဘယ်လောက်အားကောင်းသလဲဆိုတာ ကမ္ဘာ့မိသားစုက သူတို့လုပ်နေတာကို လက်တွေ့အားဖြင့်ဘယ်လိုမှ မတုန့်ပြန်နိုင်ဘဲဖြစ်နေပါတယ်။ တရုပ်နိုင်ငံကလည်း လုံခြုံရေးကောင်စီ ထုတ်ပြန်တဲ့ ထောက်ခံမဲပေးပြီးတာနဲ့တပြိုင်နက် မြန်မာနိုင်ငံအရေးဟာ ပြည်တွင်းရေးသာ ဖြစ်လို့နိုင်ငံတကာက ဝင်ပါစရာလိုဘူးဆိုတာ ပြောတော့တာပါဘဲ။ ဒီတော့နိုင်ငံတကာက ထိရောက်တဲ့အရေးယူ ပိတ်ဆို့မှုတွေမလုပ်နိုင်သရွေ့၊ လုံခြုံရေး ကောင်စီက လက်နက်ကိုင်ငြိမ်းချမ်းရေးတပ်ဖွဲ့တွေမချထားနိုင်သရွေ့ ကုလသမဂ္ဂရဲ့ဆောင်ရွက်ချက်တွေဟာ လုံးဝမျှော်လင့်နိုင်စရာမရှိသလို ဘာမှလဲဖြစ် လာမှာမဟုတ်ပါဘူး”

*“ဗမာစစ်အစိုးရဟာ အဲဒီလမ်းစဉ်ကိုကျင့်သုံးပြီး ကမ္ဘာကိုဂရုမစိုက်ဘဲ နေတဲ့အတွက် တကမ္ဘာလုံးက ထောက်ခံပြီး ကြေငြာထားတဲ့ လုံခြုံရေးကောင်စီ ထုတ်ပြန်ချက်ရှိနေတဲ့ကြားမှာတောင် ကုလသမဂ္ဂ အရာမရောက်ပုံဖြစ်နေတာဟာ မအောင်မြင်တဲ့အပိုင်းလို့ ပြောနိုင်ပါတယ်။ တဘက်မှာလဲ ဗမာအစိုးရက အလျှော့မပေးဘူးလို့ ပြောနေတဲ့အချိန်မှာ ကမ္ဘာ့မိသားစုအနေနဲ့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီရဲ့ လုပ်ပိုင်ခွင့်အာဏာကို သုံးပြီးတခုခု အရေးယူချင်ယူ၊ ဒါမှမဟုတ်ရင်လည်း တရားဥပဒေမဲ့လုပ်နေတဲ့ ဗမာအစိုးရစိတ်ကြိုက် လုပ်နေတာကို လက်ပိုက်ကြည့်နေရင် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍ တဖြည်းဖြည်းမှေးမှိန်သွားပါလိမ့်မယ်”။*

*“ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးမှာ တညီတညွတ်တည်း သဘောထားမျိုးနဲ့ ဆောင်ရွက်နိုင်မဲ့ပုံမ တွေ့ရသေးတာဟာ မြန်မာနိုင်ငံသားတွေ အတွက်စိတ်ပျက်စရာအချက် ဖြစ်နေပါတယ်။ ကမ္ဘာတဝှမ်းလုံးကလည်း အဲလိုလုပ်ချင်မဲ့ပုံပေါ်နေပါတယ်။ ဘယ်သူကမှ ဦးဆောင်ဦးရွက်မပြုဘဲနဲ့ ဒီပုံစံအတိုင်း ဆက်သွားနေလို့ကတော့ ကုလသမဂ္ဂဟာ ဘာမှအားကိုးလို့မရတဲ့အဖွဲ့ အစည်း ဖြစ်နေမှာဘဲ”။*

*“မစ္စတာဂမ်ဘာရီလုပ်သင့်တာက အမေရိကမှာရှိတဲ့ ကုလသမဂ္ဂရုံးချုပ်ကိုပြန်သွားပြီး မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေတယ်ဆိုတာ လုံခြုံရေးကောင်စီမှာ ပြန်ပြောရပါလိမ့်မယ်။ ပြီးတော့သူ့အပေါ်မှာ နိုင်ငံတကာက ကျောထောက်နောက်ခံပြုထားတဲ့ နောက်ထပ်လုပ်ပိုင်ခွင့် ပေးဖို့ တောင်းဆိုသင့်ပါတယ်။ အဲလို မှကျောထောက်နောက်ခံမပေးဘဲ တခုခုဆောင်ရွက်ဖို့ မလုပ်နိုင်ဘူးဆိုရင် ကုလသမဂ္ဂရဲ့ ဆောင်ရွက်ချက်တွေဟာ အချိန်ကုန်ပြီး အကျိုးထူးမှာမဟုတ်ပါဘူး”။*

**ဂျိုဆက်ဖ် ဆီးလ်ဗားစတိုင်း (Joseph Silverstein)**
**အငြိမ်းစားနိုင်ငံရေးပါမောက္ခ**
**ဗွီအိုအေ ၁၇၊ ၁၀၊ ၀၇**

# မူးယစ်ဆေးဝါး နှင့် နအဖ ပါဝင်ပတ်သက်မှု

လတ်တလောမြန်မာပြည်မူးယစ်ဆေးဝါးပြဿနာသည်ဒေသတွင်း အာဆီယံနှင့်တရုတ်နိုင်ငံတို့အပေါ် များစွာထိခိုက်နေကြောင်းနှင့်ယင်းကိစ္စတွင် နအဖတပ်အရာရှိများကိုယ်တိုင် ပါဝင်ပါတ်သက်နေကြကြောင်း အထောက်အထားများ ခိုင်လုံစွာရရှိပါသည်။ မကြာခင်လပိုင်းအတွင်းက မူးယစ်ဆေးဝါးထုပ်လုပ်စက်ရုံကို နအဖမူးယစ်အာဏာပိုင်များမှတွေ့ရှိခဲ့သော်လည်း လျှို့ဝှက်ထားခြင်းနှင့် အပစ်ရပ်လက်နက်ကိုင်တပ်များအပေါ် နိုင်ငံရေးလက်နက်အဖြစ် အကြပ်ကိုင် အသုံးချနေခြင်းစသဖြင့် နအဖတပ်အရာရှိများ ပါဝင်ပတ်သက်နေမှုကို ဖေါ်ထုတ်အစီရင်ခံပါသည်။



Photo : SAM

## လွယ်မောဒေသ

ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်တွင်တည်ရှိသည့် ပင်လယ်ပြင်အထက်ပေပေါင်း ၈၀၉၆ မြင့်မားသော တောင်တန်းဖြစ်သည်။ တောင်မြင့်မြေနီအမျိုးအစားဖြစ်ပြီး ဘိန်းစိုက်ပျိုးရန် အထူးကောင်းမွန်သည်။ ရှမ်းပြည်တွင် အာနိသင်အမြင့်မားဆုံး ဘိန်းအမျိုးအစားထွက်ရှိသည်။ထိုဒေသကို လက်ရှိ ရလလဖအဖွဲ့မှ ခွဲထွက်လက်နက်ချ ဦးချစ်မောင်အဖွဲ့ ခြေကုပ်ယူထားသည်။ လက်နက်ကိုင်တပ်ဖွဲ့အနေဖြင့်ယခင် ရလလဖ ၉၄၃ တပ်ရင်းမှူး (ဥက္ကဌ ခွန်ချစ်မောင်၏သား) ခွန်ချစ်အောင်အဖွဲ့မှလွှမ်းမိုးခဲ့ရာယနေ့တိုင်ဖြစ်သည်။တောင်ခြေမြေနိမ့်ပိုင်းတွင်နအဖခြေမြန်တပ်ရင်း အမှတ် ၄၂၅ နှင့် ၄၂၆ တို့ အသီးသီးရှိကြသည်။

## မေလအတွင်းဖမ်းဆီးမှု

၂၀၀၇ မေလအတွင်းရလလဖအဖွဲ့မှတပ်ဖွဲ့ဝင်၁၀၀ ခန့်တောခိုသွားခြင်းကို ဖိအားပေးသည့်အနေဖြင့် ဒေသခံစစ်တပ်ရင်းများ အသုံးပြုကာ နအဖတပ်ကလွယ်မောဒေသကို ဘိန်းစစ်ဆင်ရေးပြုလုပ်ခဲ့သည်။ မူးယစ်အဖွဲ့မှ ရဲမှူးခင်မောင်လွင်ကိုယ်တိုင် ကွင်းဆင်းရှာဖွေခဲ့ရာလွယ်မောဒေသ၊ ပန်အောရွာအောက်ဘက်ရှိ လျှိုထဲဘိန်းဖြူစက်ရုံ ဖမ်းဆီးရရှိခဲ့သည်။ မူးယစ်ဆေးဝါးများနှင့်အတူ ရလလဖတပ်ရင်း ၉၄၃ မှလက်နက်ကိုင် ရဲဘော်နှစ်ဦး အရှင်ဖမ်းဆီးရခဲ့သည်။

## ရပခ ဗျူဟာမှူးကိုယ်တိုင် ကိုင်တွယ်

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဗျူဟာ ၁ မှူး ဗိုလ်မှူးကြီး မြဝင်း အမိန့်ဖြင့် ဖမ်းဆီးရမိသော စက်ရုံနှင့်လူများအား ပြန်လွှတ်ခိုင်းသဖြင့် မူးယစ်အဖွဲ့မှ အရေးယူခဲ့ခြင်းမရှိဘဲ ပြန်လွှတ်ပေးခဲ့သည်။ မကြာခင်မှာပင်ဥက္ကဌအဖြစ် တာဝန်ယူထားသူ ခွန်ချစ်မောင်အား ဆွေးနွေးညှိနှိုင်းခဲ့ပြီး တပ်ဖွဲ့ဝင်အားလုံး လက်နက်အပ်ရန် ဖိအားပေးတောင်းဆိုခဲ့သည်။

ဌာနချုပ်တပ်ဖွဲ့ဝင်များ၏ အဆိုအရ ယင်းဘိန်းဖြူစက်ရုံမှာ ဥက္ကဌခွန်ချစ်မောင်နှင့် သားဖြစ်သူ ခွန်ချစ်အောင်တို့၏ ကိုယ်ပိုင်စက်ရုံများဖြစ်ကြကြောင်း သိရှိရသည်။ လက်နက်အပ်ခြင်းကို လက်မခံသောတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဥက္ကဌ ခွန်ချစ်မောင်၊ သားဖြစ်သူ တပ်ရင်းမှူး ခွန်ချစ်အောင်တပ်ဖွဲ့အချို့ ထွက်ပြေးလွတ်မြောက်သွားပြီး မေလ ၆ ရက်နေ့တွင် ဆိုင်းခေါင်ဒေသ ဦးအောင်ခမ်းထီ တပ်စခန်းဖြစ်သော အောင်ဆုဗွေစခန်း၌ ရပခဗျူဟာမှူးထံလက်နက်အပ်နှံခဲ့ကြသည်။ တရားဝင်အခမ်းအနားကို ဇူလိုင် ၂၆ ရက်နေ့ ဘန်းယဉ်စံပြကျေးရွာတွင် ပြုလုပ်ခဲ့သည်။နအဖဘက်မှ ဒု–ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဝန်ကြီးအချို့ တက်ရောက်ခဲ့သည်။ လက်နက်ချတပ်ဖွဲ့ဝင် ၁၃၇ ဦးဟု မှားယွင်းစွာလိမ်လည်ဝါဒဖြန့်ဖော်ပြထားသည်။ အမှန်တကယ်အင်အားမှာ ၃၂ ဦးသာရှိသည်။လက်နက်ချသည့်အတွက် ကျေးရွာနေရဲဘော်ဟောင်းများအားတစ်ဦးလျှင်ကျပ်ငွေ ၄ သိန်း) ဆုချမည်ဟုစည်းရုံးသိမ်းသွင်းခဲ့သည်။

ယခုအခါ ဥက္ကဌဆိုသူ ခွန်ချစ်မောင်မှာ တောင်ကြီးမြို့ ဦးကြီးခမ်းရပ်တွင်နေထိုင်လျက်ရှိသော်လည်း ၄င်းတပ်ဖွဲ့များ လွယ်မောဒေသတဝိုက် လက်နက်ဆက်ကိုင် နေထိုင်တပ်စွဲထားခိုင်းသည်။

## နိုဝင်ဘာလဆန်း စံချိန်တင် ဖမ်းဆီးမှု

ဘိန်းထွက်ရာသီဖြစ်သော ဆောင်းရာသီတွင် မူးယစ်အဖွဲ့မှ ရဲမှူးရဲနိုင်ဦးစီး၍ နယ်မြေခံ ခမရ ၄၂၅၊ ၄၂၆ တပ်ဖွဲ့များ နယ်မြေရှင်းလင်းရှာဖွေခဲ့ရာ နိုဝင်ဘာလ ၄ ရက်နှင့် ၈ ရက်နေ့များတွင် လွယ်မောတောင်၊ ပန်အောရွာအရှေ့ဘက် ထီတန်းကျေးရွာအနီး လျှိုမြောင်ထဲတွင် ဘိန်းစက်ရုံနှင့်အတူ ဘိန်းစိမ်း၊ ဘိန်းခြောက်၊ ချက်လုပ်ပြီးဘိန်းဖြူ စုစုပေါင်း ပိဿာ / ကီလိုရာနှင့်ချီ ဖမ်းဆီးရမိသည်။ ပိုင်ရှင်ဟု အများကသတ်မှတ်ထားသော (ကြိုတင်သတင်းရထားသူ) ခွန်ချစ်အောင်နှင့်အဖွဲ့ အချိန်မီရှောင်တိမ်းနေသဖြင့် လက်ရဖမ်းဆီးရဖြင်းမရှိဘဲ ထီတန်းကျေးရွာနေစက်ရုံစောင့် ဦးပညာ ခေါ် တလောဆိုသူကို လက်ရဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် စက်ရုံပစ္စည်းများသယ်ဆောင်ရာတွင် ပန်အောရွာသား ၃၀၊ ထီတန်းရွာသား ၂၀ စုစုပေါင်း လူအင်အား ၅၀ အားနေ့စားလုပ်ခ(ကျပ်နှစ်ထောင်) နေ့စားခပေးကာ ကားလမ်းပေါက်သော ပန်အောရွာအထိ သယ်ဆောင်ခဲ့သည်။ ကာလတန်ဖိုးကျပ်သိန်း ၂၅,၀၀၀ တန်ဖိုးရှိကြောင်း ခန့်မှန်းတွက်ဆကြသည်။ ရှမ်းပြည်တောင်ပိုင်းတွင် အကြီးမားဆုံးဖမ်းဆီးရမိသည့် စက်ရုံဖြစ်သည်ဟုဆိုသည်။

# ကျမတို့လိုချင်တာ မင်းမဲ့နိုင်ငံ မဟုတ်ပါ

မကြာသေးမီကဘဲ ဝန်ကြီးများစွာပါဝင်တဲ့ အာဇီယံအစည်းအဝေးမှာ သံတမန်တွေက မြန်မာနိုင်ငံစစ်အစိုးရကို ချက်ခြင်းပြောင်းလဲရင် အီရတ်နိုင်ငံပဋိပက္ခလို အတိုက်အခံအဖွဲ့တစ်ဖွဲ့နဲ့တစ်ဖွဲ့ အာဏာလုတာတွေ ဖြစ်လာနိုင်တယ်လို့ သတိပေးသွားခဲ့ပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် အာဆီယံနိုင်ငံတချို့ဟာ အတိုက်အခံအဖွဲ့နဲ့လွတ်လပ်ရေး အတွက်တိုက်ပွဲဝင်သူများအပေါ် နားလည်မှုလွဲနေပါတယ်။

တိုင်းရင်းသားလူမျိုးစုတွေ အမြောက်အများရှိတဲ့ နိုင်ငံတစ်နိုင်ငံဟာ ဗဟိုအုပ်ချုပ်မှုပိုင်းပြိုကွဲသွားတာနဲ့ဘေးအန္တရာယ်ဆိုးတွေကြုံနိုင်တယ်။ ယူဂိုဆလပ်ဗီးယား သို့မဟုတ် အီရတ်နိုင်ငံလို ဖြစ်သွားနိုင်တယ်လို့ တချို့ကပြောကြတယ်။

ဗမာနိုင်ငံမှာ လူများစုဖြစ်တဲ့ လက်နက်ကိုင်စစ်သားတွေဟာ သိတတ်မှု၊ ဆင်ခြင်တွေးခေါ်မှုနဲ့ အင်မတန်အလှမ်းဝေးပြီး လူရမ်းကားတွေဖြစ်နေတာအားလုံးသိတဲ့အတိုင်းပါ။ပြည်သူလူထုပညာရှိတွေထက် ပညာမဲ့ လက်နက်ကိုင်စစ်သားတွေက ပိုများပါတယ်။

နအဖစစ်အစိုးရဟာ မှားယွင်းတဲ့မူဝါဒတွေသုံးပြီး ပြည်သူလူထုကို နှိပ်ကွပ်နေတယ်ဆိုတာ သိနေကြပါတယ်။ ဒါပေမဲ့ ဗဟုသုတကြွယ်ဝတဲ့ ပညာရှိတချို့က စစ်အစိုးရရဲ့မူဝါဒကို သိရက်သားနဲ့ ထပ်ခါတလဲလဲ ယုံစားနေကြတာကိုက တကယ်ဝမ်းနည်းစရာပါ။

အကယ်၍ နိုင်ငံတော်အစိုးရမှာ ကိုယ်ကျင့်တရားကောင်းပြီး တရားမျှတမှုရှိခဲ့ရင် အတိုက်အခံအဖွဲ့တွေ၊ လွတ်လပ်မှုအတွက်တိုက်ပွဲဝင်တဲ့လူတွေ ပေါ်ပေါက်လာမှာ မဟုတ်ပါဘူး။

လက်ရှိအစိုးရကိုယ်တိုင် ပြည်သူလူထုအပေါ် ခြိမ်းခြောက်မှု၊ တော်လှန်ပုန်ကန်မှု၊ အခွင့်အရေး ချိုးဖောက်ဖျက်ဆီးမှုတွေ ဖန်တီးခဲ့တယ်။ ဒါကြောင့် ရက်စက်ကြမ်းကြုတ်ပြီး လူ့အခွင့်အရေး ချိုးဖောက်နေတဲ့ စစ်အစိုးရရဲ့ အုပ်ချုပ်မှုအောက်က မိမိလူမျိုးစုလွတ်မြောက်ဖို့အတွက် တိုက်ပွဲဝင်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။

*"စစ်အစိုးရပြောင်းလဲစေဘို့ ကျနော်တို့မစဉ်းစားသင့်ဘူး။ ဒီပြောင်းလဲမှုဆိုတာ အုပ်စိုးမှုပာကွက်ကို ဖြစ်စေတယ်"* လို့ စင်္ကာပူနိုင်ငံ အာဆီယံအထွေထွေအတွင်းရေးမှူးက ပြောတယ်။

*"ဒါပေမဲ့ NCGUB/ NCUB/ NDF/ DAB/ ENC/ NLD/ CRPP တို့လိုအဖွဲ့အစည်းတွေ၊ စစ်ရေးမဟာမိတ်တွေဖြစ်တဲ့ SSA/ KNPP/ KNU တွေလည်း ကိုယ့်ရည်မှန်းချက်နဲ့ကိုယ် ကြိုးစားနေကြတာဘဲ။ အကယ်၍ စစ်အစိုးရ အပြောင်းအလဲဖြစ်ခဲ့ရင်လဲ သူတို့နေရာယူလာမှာပေါ့။ ဘယ်လိုမှ အာဏာပာကွက်မှု မရှိနိုင်ဘူး။ ယူဂို ဆလားဗီးယားလို လွယ်လွယ်နဲ့ မဖြစ်လာနိုင်ပါဘူး"* လို့ SDU သျှမ်းဒီမိုကရက်တစ်ယူနီယံအဖွဲ့က ပြောတယ်။

ရောဝတီသတင်း မဂ္ဂဇင်းမှာ ဆောင်းပါးရှင် ကျော်စွာမိုးက *"မင်းမဲ့နိုင်ငံဆိုတာ လက်ရှိမြန်မာနိုင်ငံ နအဖစစ်အစိုးအုပ်ချုပ်ပုံ စနစ်ကိုခေါ်ပါတယ်"* လို့ အာဆီယံကိုတုန့်ပြန်တဲ့ ဆောင်းပါးမှာရေးသားထားပါတယ်။

သံဃာတော်များနဲ့ ပြည်သူလူထု ငြိမ်းချမ်းစွာဆန္ဒပြတုန်းက ကြမ်းတမ်းရိုင်းစိုင်းစွာ ပစ်ခတ်ရိုက်နှက်ခဲ့တဲ့ စစ်အစိုးရရဲ့လုပ်ရပ်ဟာ ပရမ်းပတာနိုင်ငံအတွက် အကောင်းဆုံး ဥပမာတစ်ခုပါဘဲ။ **နအဖစစ်အစိုးရ ပြိုကွဲသွားရင် မြန်မာနိုင်ငံအတွက် လက်ရှိအခြေအနေထက် ပိုကောင်းလာမဲ့ အခွင့်အလမ်းများတယ်။ဒီ့ထက် ဆိုးရွားသွားစရာ အကြောင်းမရှိပါဘူး။**

စစ်အစိုးရဟာ ယဉ်ကျေးသိမ်မွေ့တဲ့ လူမှုရေးကိုနားလည်သူမဟုတ်။ ဒီတော့ အနုနည်းနဲ့ချဉ်းကပ်လို့မရနိုင်ဘူး၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့နည်းဘဲ ဒင်းတို့နဲ့ထိုက်တန်တယ်ဆိုတာ အာဆီယံအနေနဲ့စွဲစွဲမြဲမြဲ သိထားသင့်တယ်။

ဗမာပြည် ပြည်သူလူထုရဲ့ ဒုက္ခကို UN/ ASEAN တို့က ဒီတိုင်းသာ လက်ပိုက်ကြည့်နေကြမယ်ဆိုရင်၊ မွေးကင်းစကလေးကို ခွေးရူးရှေ့ချပေးလိုက်တဲ့အတိုင်း ဖြစ်နေမယ်။

ဒီတော့ စစ်အစိုးရရဲ့လိမ်ညာမှုကို မျက်စိမှိတ်နားပိတ် နေမဲ့အစား ဗမာနိုင်ငံသား၊ တိုင်းရင်းသားတွေရဲ့ လူမှုဘဝဖူလုံရေးအတွက် ဂရုစိုက်ပေးရမဲ့ အချိန်ကောင်းဖြစ်နေပါတယ်လို့ အာဆီယံကို သတိပေးလိုက်ချင်ပါတယ်။

**23/10 2007 www.shanland.org မှ Feraya Nangmone ရေးသားသော Anarchy is not what we want ဆောင်းပါးကို Yawd Lao က ဘာသာပြန်ထားပါသည်။**

## ဆက်စပ်တာဝန်ရှိသူများ

ရလလဖ ခွဲထွက် ခွန်ချစ်မောင်နှင့်သား ခွန်ချစ်အောင်တို့သည် ရပခ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြဝင်းအား လစဉ်ကျပ်သိန်း ၅၀ ပေးရသည့်ပြင် ဒေသခံ ခြေမြန်တပ်ရင်း ၄၂၅ နှင့် ၄၂၆တပ်ရင်းတို့အားလည်း လစဉ်ကျပ်သိန်း (၃၀) စီ ပေးသွင်းနေရပါသည်။ ပိုင်ရှင်အစစ်အမှန်ဖြစ်သောခွန်ချစ်မောင်အားတစုံတရာအရေးယူခြင်းမရှိဘဲရပခစစ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးမှ အမျိုးသားညီလာခံထောက်ခံပွဲများတွင် မိန့်ခွန်း ပြောကြားစေခြင်း၊ မစ္စတာဂမ်ဘာရီမှတဆင့် ထုတ်ပြန်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေငြာချက်ကို ကန့်ကွက်ကြောင်း ရလလဖ အဖွဲ့ကိုယ်စား အသုံးချခြင်းစသည်တို့ကိုသာခိုင်းစေခဲ့သည်။❑

EYNG ကြေငြာချက် ၁၂၊ ၁၂၊ ၀၇ မှ တည်းဖြတ်ကောက်နှုတ်ဖေါ် ပြသည်။

**အယ်ဒီတာ**

# မင်းဆိုးမင်းညစ်

နှစ်ပရိစ္ဆေဒ ခေတ်ကာလရှည်ကြာစွာကတည်းက ကြည်ညို သဒ္ဓါပွား အယူသည်းမှုအားကောင်းတဲ့ ဘာသာ၊ သာသနာထွန်းကား ရာ အခြားနိုင်ငံအုပ်စု တွေမှာလိုဘဲ ၊ ဗမာစစ် တပ် ထဲမှာလဲ ဘဝပြောင်း လူဝင်စား ပြန်မွေးဖွားမှုအဖြစ်ကို အတော်ယုံကြည်ကြတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့အဲဒီဖြစ်ရပ်တွေဟာ သမိုင်းအထောက်အထားတွေ သက်ဆိုင် ရာသုတေသန အထူးပြုအချက်အလက်တွေနဲ့ နှိုင်းယှဉ်ပြီး နီးစပ်မှုရှိတာကလွဲပြီး ခေတ်သစ်သိပ္ပံနည်းအရ ရူပဒေသနည်းအရ မျက်မြင် ဒိဋ္ဌစမ်းသပ်ပြသနိုင်တဲ့ အရာတွေမဟုတ်ပါဘူး။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေလဲဘဲ အဲဒီအယူသည်းဒဏ္ဍာရီ ရာဇဝင် အူပေါက်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ စစ်တပ် စာတိုက်အရာရှိ ငယ်ဘဝကနေ အမြင့်ဆုံးထိပ်သီးတပ်ချုပ်ကြီး အဂ္ဂဗျူဟာ ဥပရာဇာ ဖြစ်လာရတယ်လို့ ဗမာစစ်တပ်အသိုင်းအဝိုင်းက ဆိုပါတယ်။

ကနေ့လက်ရှိပြဿနာဟာ ရှေးပဝေသဏီ ခေတ်သမယဆီက ပုံစံမျိုး၊ ဘယ်သူကမှ သက်ဦးဆံပိုင်ဧကရာဇ် ပဒေသရာဇ် ဘုရင်စနစ် ပြန်လည်ထူထောင်ပုံသွင်းဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ တပ်ချုပ်ကြီး အဖို့ မိမိကိုယ်မိမိ ရာဇဘိသိက်ခံပြီး နိုင်ငံတော်ရဲ့မဟာရာဇာကြီး ဖြစ်ချင်တဲ့ဆန္ဒ ဘယ်လောက်ပြင်းပြ ပြင်းပြနေပါစေ–လက်တွေ့အနေ အထားအရ အမြင့်မားအထူးခြားဆုံးလုပ်နိုင်တာက ဘွဲ့တံဆိပ်ရောင်စုံ နဲ့ ကြယ်ပွင့်တွေအပြည့် စစ်ယူနီဖောင်းဆင်သ ဝတ်ပြနိုင်တဲ့အဆင့် လောက်ပါဘဲ။ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကာလ သုံးပါးစလုံး ဧကရာဇ်ဘုရင်တွေလို သားစဉ်မြေးဆက် အာဏာလက်ဆင့်ကမ်း စံမြန်းပိုင်ခွင့်မရှိပါဘူး။

ဘယ်လိုအာဏာရှင်အုပ်စုအမျိုးအစားဖြစ်ဖြစ် မိမိတိုင်းသူ ပြည်သား လွတ်လပ်အေးချမ်းစွာ ဘေးရန်ကင်းငြိမ်းဘို့ ကာကွယ်စောင့် ရှောက်ပေးမဲ့အစား ပြည်သူလူထုအပေါ် စစ်လက်နက်ပစ္စည်းတွေနဲ့ ရန့်ရင်း ကြမ်းတမ်းစွာအင်အား သုံးနှိမ်နင်းနှိပ်ကွပ်ရင်တော့ ကနေ့ လက်ရှိ နိုင်ငံတကာလူ့အဖွဲ့အစည်းအဖို့ လက်မခံနိုင်တော့ပါဘူး။

အပ်နဲ့ဖေါက်ရမဲ့ကိစ္စကို ပုဆိန်၊ ပေါက်တူးနဲ့ပေါက်သလို စစ်လက်နက် အင်အားသုံးပြီး လက်နက်ကိုင်သူပုန်တပ် အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်တဲ့ပုံစံမျိုး နှိပ်ကွပ်ဖြိုခွင်းတာဟာ လက်နက်မဲ့ အပြစ်မဲ့ ပြည်သူတွေနဲ့ဗုဒ္ဓ သာသနာ့ဝန်ထမ်း သင်္ကန်းရုံသံဃာတော်များအ ပေါ် ကမ်းကုန်အောင် ရက်စက်တဲ့သရဲဘောကြောင်လုပ်ရပ်ဘဲဖြစ် တယ်။

အဲဒီလုပ်ရပ်ကြောင့် မိမိဆရာသခင် တရုပ်သဌေးမင်းကိုတောင် နာမည်ပျက် မျက်နှာပူစေတာဘဲဖြစ်ပြီး တရုပ်အစိုးရကိုယ်စားလှယ် တွေက ရှေ့မှာတမျိုး ကွယ်ရာမှာတဖုံ နအဖကို လက်တို့ဖြောင်းဖြ လာရပါပြီ။

တရုပ်ကွန်မြူနစ်ပါတီရဲ့ PLA စစ်တပ်ကိုယ်တိုင်တိဘက်ပြည် သူတွေအပေါ် ကျူးကျော်နှိပ်ကွပ် သတ်ဖြတ်သုတ်သင်ခဲ့သေးတာဘဲ ဗမာနေဝင်းစစ်အုပ်စုကိုယ်တိုင်လဲ ဆန္ဒပြသူ ရဟန်းရှင်လူ ကျောင်းသား ပြည်သူကို အကြိမ်ကြိမ်ပစ်သတ်ခဲ့သေးတာဘဲဆိုပြီး ဆင်ခြေတက် သေ ဖေါ် ညှိလို့မရတော့ပါဘူး။အဲဒီဖြစ်ရပ်တွေက လွန်ခဲ့တဲ့အနှစ်၄–၅–၆၀ ကျော် ၂၀ ရာစုနှစ်ထဲမှာဖြစ်တယ်။ ကနေ့–၈လိုဘယ်လိုက်ဇေးရှင်း ကမ္ဘာ့ရွာခေတ်မှာ လူသားတွေ ရုပ်ပိုင်း၊ စိတ်ပိုင်းဖွံ့ဖြိုးမှု ပိုမိုယဉ်ကျေးတိုး တက်အသိဉာဏ်ကြွယ် အမြင်ကျယ်လာတဲ့ ခေတ်သမယမို့လို့ အရိုင်း အစိုင်းလုပ်ရပ်တွေဟာ စက်ဆုပ်ရွံရှာစရာကောင်းလှပါတယ်။

နောက်တချက်၊ ဗမာပြည်သူအများစုဟာ ဗုဒ္ဓသာသနာကို မိရိုးဖလာ ယုံကြည်ကိုးကွယ်ရာအဖြစ် ဘာသာရေး အထူးကိုင်းရှိုင်းတဲ့ တိုင်းပြည် ဖြစ်တယ်။ စစ်တပ်ထိပ်သီး ခေါင်းဆောင်ကြီးများကိုယ်တိုင်လဲ ဗုဒ္ဓဘာ သာကို နိုင်ငံတော်တရားဝင်ဘာသာအဖြစ် မထုတ်ပြန် မကြေငြာရုံတမယ်ဘာသာရေးကိုင်းရှိုင်းတဲ့ အပြုအမူတွေ နေ့တရှူ့ဝ သရုပ်ပြနေပါတယ်။

ဒါပေမဲ့ သံဃာတော်နဲ့ ပြည်သူတွေကို စစ်လက်နက်အင်အား သုံးပြီး အသေမသတ် သတ်ဖြတ်နှိမ်နင်း ဖမ်းဆီးနေ တာဟာ ပါးစပ် ကဘုရား၊ လက်ကလူသတ်ဓါး၊ သွေးကွက်ခြောက်များပေါ် သွေးချောင်း သစ်စီးယို၊ အာဏာရှင်လူ့အိုအဆက်ဆက်စိုးမိုး၊ ဒီမင်းဆိုးမင်းညစ်သည် သာ သမိုင်းတရားခံအစစ်ပါ။

**ပုညကေဒ သုဒဒြဗ် မတိချွန်း (၁၊ ၁၀၊ ၂၀၀၇)**



Photo : website

# အရှေ့တီမော

ဦးဇော်မိုးကျော် (RFA 11/12/07)

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ အရှေ့တီမော ပြဿနာကို ဝင်ရောက်ဖြေရှင်းဖို့ ၁၉၉၉ စက်တင်ဘာလ ၁၅ ရက်နေ့မှာ ဆုံးဖြတ်ခဲ့ပါတယ်။ အရှေ့တီမောပြဿနာဟာ တိုင်းပြည်တပြည်အတွင်း အစိုးရတရပ်ပြောင်းလဲဖို့ ဒါမှမဟုတ် နိုင်ငံရေးစနစ်ပြောင်းလဲဖို့ ဒါမှမဟုတ် ပြည်တွင်းစစ်ပြဿနာ စတဲ့ပြဿနာမျိုးမဟုတ်ဘဲ လက်အောက်ခံကိုလိုနီဘဝကနေ လွတ်မြောက်ဖို့အတွက် ရုန်းကန်လှုပ်ရှားရတဲ့ လွတ်မြောက်ရေးလှုပ်ရှားမှု လို့ဆိုရမှာဖြစ်ပါတယ်။

အရှေ့တီမောကျွန်းကို ပေါ်တူဂီတွေက ခရစ်နှစ် ၁၅၀၀ လောက်ကတည်းက သိမ်းပိုက်ခဲ့ပြီး ၁၆၅၂ မှာ ဒတ်ချ်ကိုလိုနီတွေဟာ အနောက်တီမောကို သိမ်းပိုက်ခဲ့ပါတယ်၊ ၁၉၄၉ ခုနှစ် ဒတ်ချ်ကိုလိုနီဘဝကနေ အင်ဒိုနီးရှားလွတ်မြောက်တုံးက အနောက်တီမောလည်း တခါထဲပါသွားပေမဲ့ အရှေ့တီမောမှာတော့ ပေါ်တူကီကိုလိုနီဘဝမှာဘဲ ဆက်လက် ကျန်ရစ်ပါတယ်။ ပေါ်တူကီတွေဟာ အရှေ့တီမောကို နှစ်ပေါင်း ၅၀၀ လောက် ကြီးစိုးခဲ့ပြီးနောက် ၁၉၇၅ ခုနှစ်မှာ တီမောကို လက်လွှတ်ပြီးပြန်သွားပါတယ်။

တီမောနိုင်ငံရေးပါတီနှစ်ခုဖြစ်တဲ့ UDD ပါတီနဲ့ လုံးဝလွတ်လပ်ရေးကို လိုလားတဲ့ ဖရက်တလိုင်းပါတီတို့ဟာ တဘောထားကွဲလွဲပြီး ပြည်တွင်းစစ်ဖြစ်ကာ လူပေါင်း ၃,၀၀၀ သေဆုံးပါတယ်။ အဲဒီနောက် အင်တိုနီးရှားတပ်တွေ ဝင်ရောက်သိမ်းပိုက်ပြီး ၁၉၇၆ ခုနှစ်မှာ အင်ဒိုနီးရှားရဲ့ ၂၇ ခုမြောက်ပြည်နယ်အဖြစ်ကြေငြာခဲ့ပါတယ်။ အဲဒီအချိန်က စပြီး လွတ်လပ်ရေးလိုလားတဲ့ ဖရက်တလိုင်းပါတီဟာ တောတောင်တွေအတွင်း ခိုအောင်းပြီး လွတ်လပ်ရေးအတွက် ၂၃ နှစ်ကျော်ကြာ လက်နက်ကိုင် တိုက်ပွဲဆင်နွှဲခဲ့ပါတယ်။ အရှေ့တီမောရဲ့ လွတ်မြောက်ရေး သူရဲကောင်းနာမည်ကျော် ဇာနားနားကွတ်စမားဝူး (Xanana Gusmao) ဟာ ဖက်တလိုင်းပြောက်ကျားအဖွဲ့ရဲ့ခေါင်းဆောင်လဲ ဖြစ်ပါတယ်။

အဲဒီကာလတလျှောက်လုံး အင်ဒိုနီးရှားတပ်တွေဟာ သူပုန်တွေကို အပြင်းအထန်နှိမ်နင်းခဲ့ပြီး ကျေးရွာတွေအမြေ့ရွှေ့ပြောင်းတာ ထောက်ခံသူတွေကို ဖမ်းဆီးသတ်ဖြတ်ကာ ညှင်းပမ်းနှိပ်စက်တာ ထောင်ချတာ မုဒိန်းကျင့်တာ စတဲ့လူ့အခွင့်အရေးချိုးဖေါက်မှုတွေ စနစ်တကျ လုပ်ဆောင်ခဲ့တယ်လို့ အနောက်တိုင်းအဖွဲ့အစည်းတွေက အစီရင်ခံစာဖေါ် ပြကြပါတယ်။

အင်ဒိုနီးရှားတပ်တွေရဲ့ တိုက်ခိုက်ဖြိုခွင်းမှု၊ တော်မှတ်ခေါင်းပါးမှု၊ ရောဂါဘယထူပြောမှုတွေကြောင့် တီမောပြဿနာ ကာလတလျှောက်လုံး လူပေါင်းနှစ်သိန်းလောက်သေဆုံးခဲ့တယ်လို့ လူ့အခွင့်အရေးအဖွဲ့တွေက အစီရင်ခံခဲ့ပါတယ်။ အဲဒီလိုနဲ့ဘဲအရှေ့တီမောမှာ လူမှုဘေးဒုက္ခဆိုက်ရောက်မှု သေဆုံးသူများပြားမှုတွေကြောင့် ၁၉၈၁ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂကနေ အရှေ့တီမော ပြဿနာ ဖြေရှင်းရေးနည်းလမ်းတွေ ချမှတ်ခဲ့ပြီး လွတ်လပ်ရေးပေးသင့်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီအချိန်က အင်ဒိုနီးရှားမှာ ဆူဟာတို အာဏာတန်ခိုးထွားနေတုန်းအချိန်ဖြစ်ပါတယ်။ အင်ဒိုနီးရှားတပ်တွေဟာ ဒေသခံတီမောသားတွေကိုစည်းရုံးပြီး ပြည်သူ့စစ်တွေအဖြစ် လက်နက်တပ်ဆင်ပေးပါတယ်။ အဲဒီနောက် လွတ်လပ်ရေးလိုလားသူတွေကို အကြမ်းဖက်သတ်ဖြတ်နှိမ်နင်းတာတွေမှာ အသုံးပြုပါတယ်။ အရှေ့တီမောကိစ္စကို နိုင်ငံတကာ စိတ်မဝင်စားပေမဲ့နောက်ပိုင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှု လူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကြောင့်နိုင်ငံတကာက အာရုံထားလာပါတယ်။ ဒ့ါအပြင်အရှေ့တီမော လွတ်လပ်ရေးအတွက် နိုင်ငံတကာမှာ လှည့်လည်စည်းရုံးနေတဲ့ မစ္စတာ ဟိုဆေးရားမို့စ်ဟောတား Jose Ramos - Horta နဲ့ ဘုန်းတော်ကြီးကာလိုဘီလို Bishop Carlos Belo ကို ၁၉၉၆ ခုနှစ်မှာ နိုဘယ်ငြိမ်းချမ်းရေးဆုပေးခဲ့တဲ့အတွက်လဲ အရှေ့တီမောကိစ္စကို လူတွေပိုသိလာပါတယ်။

၁၉၉၇ မှာပေါ်ပေါက်ခဲ့တဲ့ အာရှစီးပွားပျက်ကပ်ဆိုးဟာ အင်ဒိုနီးရှားကိုလည်း ရိုက်ခတ်ခဲ့တဲ့အတွက် နောက်တစ်နှစ်မှာ အာဏာရှင်ဆူဟာတို ရာထူးကပြုတ်ကျသွားပါတယ်။ အရှေ့တီမောကို အင်ဒိုနီးရှားတပ်ဝင်ရောက်တာကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကကန့်ကွက်ပါတယ်။ ဆူဟာတိုနောက်တက်လာတဲ့သမ္မတဘီဂျေဟာ ဘီဘီက တီမောတွေ လွတ်လပ်ရေးလိုလားသလား။ အင်ဒိုနီးရှားနဲ့ဆက်၍ပေါင်းမှာလားဆိုတာကို လူထုဆန္ဒခံယူခွင့်ပြုဖို့ သဘောတူခဲ့ပါတယ်။

၁၉၉၉ ဩဂုတ်လထဲလူထုဆန္ဒ ကောက်ခံပွဲ မဲပေးခဲ့ရာမှာ ၇၈ ဒသမ ၅ ရာခိုင်နှုန်းက လွတ်လပ်ရေးလိုလားကြောင်းပြသခဲ့ပါတယ်။ အဲဒီအချိန်မှာဘဲ အင်ဒိုနီးရှားတပ်တွေ မွေးထားတဲ့ တီမောပြည်သူ့စစ်တွေဟာ လွတ်လပ်ရေးလိုလားသူတွေကို အကြမ်းဖက်တိုက်ခိုက်ခဲ့ပါတယ်။ လူဦးရေ ၇ သိန်းလောက်ဘဲရှိတဲ့အရှေ့တီမောဟာ နှစ်သိန်းခွဲလောက်ဟာ ဒုက္ခသည်ဖြစ်ပြီးအိုးအိမ်တွေစွန့်လွှတ် ထွက်ပြေးခဲ့ရပါတယ်။ ရာပေါင်းများစွာသေကြေကြရပါတယ်။ လက်နက်မျိုးစုံကိုင်ထားတဲ့ လူအုပ်တွေဟာ တွေ့ရာလက်နက်မဲ့ပြည်သူတွေကို လမ်းပေါ်မှာ အိမ်တွေထဲမှာ ခုတ်ထစ်သတ်ဖြတ်ခဲ့တဲ့ အဲဒီအချိန်က မြင်ကွင်းတွေဟာ အလွန်ဘဲ အရုပ်ဆိုးအကျည်းတန်ခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အဓိကဆုံးဖြတ်ချက်နဲ့ ၁၉၉၉ စက်တင်ဘာလ ၁၀ ရက်နေ့မှာ နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့တွေ အရှေ့တီမောကို ဝင်ရောက်ခဲ့ပါတယ်။ အောက်တိုဘာလ ၁၉ ရက် ၁၉၉၉ မှာ အင်ဒိုနီးရှားအစိုးရဟာအရှေ့တီမောကို လက်လွှတ်ကြောင်းဆုံးဖြတ်ခဲ့ပါတယ်။ တီမောကို ကုလသမဂ္ဂကြီးကြပ်မှုအောက်မှာ ၃ နှစ်ထားပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းရေးဆွဲကာ ရွေးကောက်ပွဲပြုလုပ်ပေးပါတယ်။ ၂၀၀၂ ခုနှစ်မေလ ၂၂ ရက်နေ့မှာ လွတ်လပ်တဲ့ တီမောနိုင်ငံဖြစ်လာပြီး တော်လှန်ရေးသူရဲကောင်း ဇာနားနား ပထမဦးဆုံး သမ္မတဖြစ်လာပါတယ်။ ❑



Photo : website

ဇာနာနားနားကွတ်စမားဝူး (**Xanana Gusmao**)

အရှေ့တီမောပြဿနာကိုကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဝင်ရောက်ကိုင်တွယ်ဖြေရှင်းဖို့ဖြစ်လာစေတဲ့ အခြေခံအကြောင်းအရင်းတွေကတော့ အင်ဒိုနီးရှားဟာ နိုင်ငံတကာနယ်နိမိတ်ကိုဖြတ်ပြီး ကျူးကျော်ဝင်ရောက်သိမ်းပိုက်ထားတယ်လို့ လုံခြုံရေးကောင်စီကသတ်မှတ်ထားလို့ဖြစ်ပါတယ်။ အဲဒီနောက် လူမျိုးဖြုတ်သတ်ဖြတ်မှု လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ကျူးလွန်တယ်လို့လဲသတ်မှတ်တဲ့အတွက် လုံခြုံရေးကောင်စီက ဝင်ရောက်ကိုင်တွယ်ပြီး ငြိမ်းချမ်းရေးတပ်တွေ စေလွှတ်ခဲ့ပါတယ်။ တီမောပြည်သူတွေ အကြမ်းဖက်သတ်ဖြတ်မှု ခံနေရတဲ့ကြားထဲ လွတ်လပ်ရေးအတွက် တခဲနက် ထောက်ခံမဲပေးကြတဲ့အတွက် အနောက်နိုင်ငံကြီးတွေက တီမောပြည်သူတွေရဲ့ဆန္ဒဘက် ရပ်တည်ခဲ့ကြတာဖြစ်ပါတယ်။

တချိန်က ဆူဟာတိုအစိုးရကို ထောက်ခံကူညီခဲ့တဲ့ ဩစတြေးလျားနဲ့အမေရိကန်တို့က တီမောပြည်သူတွေဘက်က ရပ်တည်ခဲ့သလို တရုပ်အစိုးရကလည်း ငြိမ်းချမ်းရေးတပ်ဖွဲ့တွေစေလွှတ်ဖို့ ထောက်ခံခဲ့ပါတယ်။ဒါ့အပြင်တရုပ်အစိုးရကစစ်သားနဲ့ရဲအင်အား ၂၀၀ နိုင်ငံတကာတပ်ဖွဲ့တွေမှာ ပါဝင်စေခဲ့ပါတယ်။ လုံခြုံရေးကောင်စီရဲ့ဝင် ရောက်စွက်ဖက်မှုသက်တမ်းတလျှောက်လုံး တရုပ်အစိုးရဟာ နှစ်ကြိမ်သာပါဝင်ခဲ့ဘူးပါတယ်။ ပထမတကြိမ်ကတော့ ကမ္ဘောဒီးယားမှာဖြစ်ပြီး ဒုတိယတကြိမ်ဟာအရှေ့တီမောဖြစ်ပါတယ်။အရှေ့တီမောပြဿနာမှာအင်ဒိုနီးရှားတပ်တွေက တီမောပြည်သူအချင်းချင်း ပြန်လည်တိုက်ခိုက်စေတဲ့နည်းကို အသုံးပြုခဲ့တာတွေ့ရပါတယ်။ လမ်းတွေပေါ် မှာ မြင်မကောင်းအောင်သွေးချောင်းစီးသတ်ဖြတ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ မလိုလားအပ်တဲ့အရာအဖြစ် သင်ခန်းစာယူသင့်ပါတယ်။

မြန်မာနိုင်ငံမှာလည်းစစ်တပ်ကထူထောင်ထားတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးနဲ့ စွမ်းအားရှင်တို့လို အရပ်သားအဖွဲ့တွေဖွဲ့ပြီး ဒီမိုကရေစီလိုလားသူနဲ့စစ်တပ်လိုလားသူ နှစ်ပိုင်းခွဲပြီး ဒဏ်ပြန်ခိုမ်နှင်းနည်းကို သုံးလာနေတယ်လို့ သုံးသပ်သူတွေကထောက်ပြကြပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း သံဃာတော်တွေကို အကြမ်းဖက်သတ်ဖြတ် နှိမ်နင်းရာမှာ ဒီအဖွဲ့တွေကိုအသုံးပြုခဲ့တာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပြဿနာမှာ ကမ္ဘာ့ကုလသမဂ္ဂဝင်ရောက်ဆောင်ရွက်နေပေမဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက်ကြား ဝင်ညှိနှိုင်းတဲ့အဆင့်သာဖြစ်ပြီး မြန်မာနိုင်ငံရဲ့အခြေအနေအရ လုံခြုံရေးကောင်စီကနေ ငြိမ်းချမ်းရေးတပ်ဖွဲ့ စေလွှတ်တဲ့အထိဆောင် ရွက်နိုင်တဲ့ အနေအထားမရှိဘူးလို့ ကုလသမဂ္ဂရေးရာ ကျွမ်းကျင်သူတွေက ပြောဆိုထားပါတယ်။ ❑

စာမျက်နှာ 29 မှ

တိုက်နယ် ရွာသားတစ်ဦးသည် မွေးမြူရန် တရုတ်နိုင်ငံမှ ဘဲကောင်ရေ ၆၀၀ဝယူလာရာအကောင် ၂၀/၃၀ ခန့် သေဆုံးသွားခဲ့သည်။ ထိုအချိန်တွင်(နွေ)စပါးသွားစိုက်၍ပြန်လာသည့်(ကျိုင်းတုံ လေယာဉ်ကွင်းအနီးစစ်တပ်မှ) စစ်သားများက ချက်စားရန် ဘဲသေများတောင်းယူ သွားခဲ့၏။ ဘဲသားစားသည့်စစ်သားများ ဘာမျှမဖြစ်ခဲ့သော်လည်း ၄င်းတို့မွေးထားသောကြက်များ အများအပြားသေရာ တိုင်းမှူးထံသတင်းပေါက်ကြားသွားသဖြင့် ကျန်းမာရေးဌာနအား ကြက်ဘဲမွေးမြူသည့်နေရာများ၌ ကြက်ငှက်တုတ်ကွေး ကာကွယ်ရေး စစ်ဆေးခိုင်းခြင်းဖြစ်သည်ဟု ဆိုသည်။

ကြက်ထောင်ချီရှိသော ကတ်ထိုက်အုပ်စု ဝမ့်လွယ်လုံရွာ၊ ဝမ့်ဆဲန်ဘုန်းကြီးကျောင်းအနီးရှိ တရုတ်ပိုင်ကြက်ခြံ၊ ယန်းလောအုပ်စု ဥက္ကဌဟောင်း ပီကျောက်၏ ကြက်ခြံ၊ ယန်းလောအုပ်စု ဝမ့်ဟိုရှိရွာက စိုင်းတွိ၏ ကြက်ခြံကဲ့သို့သော အကြီးစားကြက်ခြံများတွင်မူကြက်သတ်ခိုင်းခြင်းမရှိဘဲ ၄င်းတို့ထံ လာဘ်စားပြီး ပိုးသတ်ဆေးသာဖြန်းခိုင်းသည်ဟု ထိုဒေသခံကပြော၏။

အိမ်မွေးကြက်ဘဲ လေး၊ ငါးခြောက်ကောင်မှ ဆယ်ဂဏန်းလောက်သာရှိသော ကျေးလက်ရွာသားများကိုမူ ပိုးသတ်ဆေး မဖြန်းပေးသည့်ပြင် ထိုကြက်၊ ဘဲများအား အတင်းသတ်ခိုင်း၊ မသတ်ပါက ထောင်ဒဏ်၊ ငွေဒဏ်ဖြင့် လိုက်လံခြိမ်းခြောက်ငွေညှစ်ခြင်းကြောင့် ထိုကဲ့သို့ လူသတ်မှုအထိ ဖြစ်ပွားရခြင်းဖြစ်သည်ဟု ယန်းလောဒေသခံ သက်ကြီးပိုင်းပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ ❑



Photo : website

# အတော် ဦးနှောက်မရှိတဲ့ ဗမာစစ်ဗိုလ်ချုပ်


Photo : website

ဗမာစစ်အစိုးရဟာ စီးပွားရေးစီမံခန့်ခွဲရာမှာ အတော့်ကိုဦးနှောက်မရှိဘူး။ အဲဒါကြောင့် သူတို့ဟာ အချိန်အကန့်အသတ်မရှိ ရှင်သန်နိုင်မလားဆိုတာ သံသယရှိစရာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံပြဿနာ ဖြေရှင်းတဲ့ကိစ္စမှာ စစ်အစိုးရဟာ တစိတ်တဒေသအဖြစ် ပါဝင်ရမယ်။ မြန်မာနိုင်ငံမှာ စစ်အစိုးရကိုဖယ်ရှားလိုက်ရင် တိုင်းပြည်မှာ ကိုယ်တိုင်အုပ်ချုပ်နိုင်စွမ်းရှိမှာမဟုတ်ဘူး။ အလွန်မှ သယံဇာတပေါကြွယ်ဝတဲ့မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေဆိုက်ရတာ နားမလည်ဖြစ်မိပါတယ်။ စင်္ကာပူဟာ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဘက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စင်္ကာပူဟိုတယ်လုပ်ငန်းတွေဟာ သူ့ရဲ့အကြံပြုချက်အရ ဒေါ် လာသန်းနဲ့ချီပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံခဲ့တယ်။ အဲဒီဟိုတယ်မှာ အခုဆိုရင် လူတွေမရှိတော့ပါဘူး။

**Mr.Lee KuanYew**
**စင်္ကာပူဝန်ကြီးချုပ်ဟောင်း**
**အောက်တိုဘာ ၁၀ ရက် ၂၀၀၇ ၊ ဗုဒ္ဓဟူးနေ့**
**(The Straits Time သတင်းစာနှင့်အင်တာဗျူး)**

# လီကွမ်းယူ အလုပ်နဲ့သက်သေထုပါ



Photo : website

ဗမာစစ်ဗိုလ်ချုပ်တွေဟာ ဒီအာဏာကို အချိန်အကန့်အသတ်မရှိ ရယူထားလို့မရပါဘူး။ ဒါပေမဲ့မေးစရာရှိလာတာက ဘယ်လောက်ကြာကြာအထိ ထိန်းထားနိုင်မလဲဆိုတာပါဘဲ။

ကျနော်တို့ဟာ သူတို့နဲ့ဆက်ပြီး ကုန်သွယ်မှုတွေ လုပ်နေသရွေ့ သူတို့သက်ဆိုးရှည်နေမှာဘဲ။ သူတို့အာဏာမကျခင် လူတွေဘယ်လောက်အထိ အသက်ပေးစတေးကြရမလဲ။ အကူအညီပေးပါလို့ ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူကို ကျနော်တို့ မတောင်းခံလိုပါဘူး။ ဘာကြောင့်လဲဆိုရင် သူကဝန်ကြီးချုပ်လီရှမ်လွန်းနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့ကို ကုလသမဂ္ဂဆီသွားပြီး မိန့်ခွန်းတပုံကြီးသွားပြောခိုင်း နေမှာပါပဲ။ ကျနော်ဆိုလိုတာက စကားချည်းပြောမနေပါနဲ့။ မြန်မာနိုင်ငံ အတွင်း ခင်ဗျားဘာလုပ်ပေးနိုင်မလဲဆိုတာ အလုပ်နဲ့သက်သေထုပါလို့ ပြောချင်တယ်။

သူများရှေ့မှောက်မှာ ပြောတော့တမျိုးလုပ်တော့တမျိုးမဖြစ်ပါစေနဲ့။ စင်္ကာပူက ကုန်သွယ်နေသလိုပေ့ါဗျာ။ ဒါတွေဟာ ဘာမှအထောက်အကူမပြုပါဘူး။စင်္ကာပူအစိုးရအမြင်မလှမဖြစ်စေချင်တဲ့အတွက် အပြင်မှာ လူကြည့်ကောင်းအောင် လူမြင်ကောင်းအောင်လုပ်နေတာပါ။ အတွင်းမှာတော့ တမျိုးတမည်ဖြစ်နေပါတယ်။

စင်္ကာပူအစိုးရ ကျနော့်ကိုဖမ်းဆီးလိုက်တာ ဆန္ဒပြတဲ့ မြန်မာပြည်သူတွေကို ဖမ်းဆီးတာနဲ့စာရင် ပိုပြီးရုပ်မဆိုးလို့ပါဘဲ။ တကယ်တော့မြန်မာနိုင်ငံသားတွေ မြန်မာသံရုံးရှေ့လမ်းမပေါ် မှာ လာရောက်ဆန္ဒပြတာဟာ စင်္ကာပူဥပဒေအရ ဥပဒေနဲ့ဆန့်ကျင်နေတယ်။ ဒါပေမဲ့ သူတို့ကို မဖမ်းဘဲကျနော့်ကိုဘဲ ဖမ်းသွားပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး စိုးရိမ်စရာ ၃ ခုရှိပါတယ်။ လက်နက်ရောင်းချတဲ့ကိစ္စ၊ လက်နက်ခဲယမ်းမီးကျောက်တွေ နည်းပညာနဲ့ထောက်လှမ်းရေးကိစ္စတွေ စင်္ကာပူအစိုးရ ရောင်းချခြင်းရှိမရှိဆိုတာ ကျနော်တို့ သိလိုပါတယ်။ ကျနော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုပါဘဲ။

ကျနော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုအများစုဟာ မှောင်ခိုရာဇာတွေနဲ့တွဲပြီး လုပ်နေတယ်လို့သိရပါတယ်။ လောစစ်ဟန်၊ နောက်ပြီးသူ့ရဲ့သား စတီဖင်လောဟာ စင်္ကာပူမှာအခုရုံးဖွင့်ထားပါတယ်။ အဲဒီ မူးယစ်မှောင်ခိုက ရရှိတဲ့ငွေအားလုံး ဗိုလ်ချုပ်ကြီးတွေဆီပို့ပေးနေပါတယ်။ ဒီကိစ္စကို ကျနော်သိလိုပါတယ်။

နောက်တချက်သိလိုတာကတော့ မြန်မာနိုင်ငံကနေ ငွေမည်းတွေ စင်္ကာပူကိုရောက်လာပြီး ခဝါချတာအမြောက်အများပါဘဲ။ ဒီကိစ္စကို စင်္ကာပူအစိုးရ ဘာတွေလုပ်နေတယ်ဆိုတာ ကျနော်တို့ကို ပွင့်ပွင့်လင်းလင်းပြောပြပေးဖို့ ကျနော်တို့လိုလားပါတယ်။

**Dr. Chee Soon Juan, Secretary-General**
**စင်္ကာပူနိုင်ငံ အတိုက်အခံ ဒီမိုကရက်တစ်ပါတီ**
**လူထုလှုပ်ရှားမှုပါတီ PDP, VOA ၁၀၊ ၁၀၊ ၀၇**







S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org